## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး
## (၂၂)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်**

**(၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်)**

**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၇၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၈.၃၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၁-၇-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာပန်ကြားအပ်ပါတယ်။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၂ ဦးအနက် ၃၇၃ ဦး တက်ရောက်တဲ့အတွက်ကြောင့် ခွင့်ပန်ကြားသူစုစုပေါင်း ၄၉ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများအနက် ၃၆ ဦးကတော့ ယမန်နေ့က ကြိုတင်ခွင့်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ ခွင့်ပန်ကြားသူ ၁၃ ဦး ရှိပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိမ်း ခွင့် ၃ ရက်၊

(၂) ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့် ခွင့် ၁ ရက်၊

(၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ပိုင်ဦး ခွင့် ၁ ရက်၊

(၄) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၁ ရက်၊

(၅) ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး ခွင့် ၁ ရက်၊

(၆) မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်း ခွင့် ၁ ရက်၊

(၇) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဌေး ခွင့် ၄ ရက်၊

(၈) ထန်းတပင်မဲဆန္ဒနယ်မှ ဦးစိန်ထွန်း ခွင့် ၁ ရက်၊

(၉) ကလေးမဲဆန္ဒနယ်မှ ဦးတင်လှိုင် ခွင့် ၂ ရက်၊

(၁၀) မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ခင်ဌေးကြွယ် ခွင့် ၁ ရက်၊

(၁၁) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ ခွင့် ၁ ရက်၊

(၁၂) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း ခွင့် ၁ ရက်နှင့်

(၁၃) ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင် ခွင့် ၁ ရက် တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၆ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၃ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၄၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများ၊ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။ သီးခြားတင်ပြထားတဲ့ ခွင့်တောင်းခံထားတဲ့အတွက် အစီအစဉ် ၅ ပါ မေးခွန်း ၅ အပိုဒ်ခွဲ (င) ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်က စတင်မေးမြန်းဖို့ဖြစ်ပါတယ်။

**မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်၏ ငွေချေးခြင်းလုပ်ငန်းအားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး ယခုထက်ပိုမိုအားကောင်းသည့်စနစ်တစ်ခုကို ဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်က စတင်မေးမြန်းရန်ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့မေးမြန်းမယ့်မေးခွန်းကတော့ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံကျတဲ့ အသေးစားအလတ်စား စက်မှုလုပ်ငန်းများဖြစ်တဲ့ SMEလုပ်ငန်းများ အောင်မြင်ရေးအတွက်မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအကျဆုံးကတော့ စက်မှုလက်မှုလုပ်ငန်းများထဲက အသေးစားအလတ်စားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဖြစ်ပါတယ်။ ဒီလုပ်ငန်းများနဲ့ပတ်သက်ပြီးတော့ ယနေ့ ယခင်အစိုးရလက်ထက်မှာရော၊ ဒီဘက်ခေတ်အစိုးရသစ်လက်ထက်မှာရော ကျွန်တော်တို့ငွေချေးတဲ့စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးပါတယ်။ အရင်အစိုးရလက်ထက်က မြန်မာ့စီးပွားရေးဦးပိုင် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်ကနေ ဆောင်ရွက်ပေးသလို ဒီဘက်ခေတ်မှာ ပုဂ္ဂလိကဘဏ်များကနေပြီးတော့ ဖော်ဆောင်ပေးတာလည်းတွေ့ရမှာ ဖြစ်ပါတယ်။ သို့သော်အမှန်တကယ် စက်မှုလက်မှုလုပ်ငန်းများ တိုးတက်မှုရှိ/မရှိကတော့ မြေပြင်မှာအခက်အခဲများစွာ တွေ့ကြုံနေရတာကိုတွေ့ရပါတယ်။ အဓိကကတော့ အရင်းအနှီးဖြစ်ပါတယ်။ ဒီအရင်းအနှီးနဲ့ ပတ်သက်လို့ လက်ရှိချေးငွေများ ချေးတဲ့အခါမှာ ပထမအဆင့် ငွေချေးရန်မြေပုံထုတ်ခြင်းဖြစ်ပါတယ်။ ဒီကိစ္စမှာအခက်အခဲများစွာနဲ့ အချိန်ကာလကြာမြင့်စွာပေးရပါတယ်။ ဒုတိယအဆင့်ကတော့ မြေပုံ

**မူကြမ်း**

ထုတ်ပြီးလို့ လျှောက်တဲ့အခါမှာ ကျွန်တော်တို့ အိမ်ရဲ့တန်ဖိုးကို ရာဖြတ်နဲ့လာစစ်ပါတယ်။ စစ်တဲ့အခါမှာရာဖြတ်ရဲ့သဘောထားပေါ်မူတည်ပြီးတော့ အိမ်ရဲ့တန်ဖိုး ၃၀ ရာခိုင်နှုန်း ချေးခွင့်ရပါတယ်။ ဒီအခါမှာရာဖြတ်ကတန်ဖိုးများရင်များသလို ကျွန်တော်တို့ ချေးငွေပမာဏ အများအပြားရရှိကြပါတယ်။ ဒါနဲ့ပတ်သက်လို့လည်း မှန်မှန်ကန်ကန်နဲ့ ဆောင်ရွက်ပေးနိုင်ဖို့၊ အချိန်တိုနဲ့ ဆောင်ရွက်ပေးနိုင်ဖို့လိုပါတယ်။ ဒီ့အပြင် ငွေကိုပြန်ဆပ်ဖို့ လုပ်ငန်းများကို မှန်မှန်ကန်ကန်တင်ပြဖို့လည်းလိုပါတယ်။ နောက်တစ်ခုကတော့ ဒီလိုခွင့်ပြုပြီးတဲ့အခါမှာ သက်ဆိုင်ရာဘဏ်ကနေပြီးတော့ အဖွဲ့နဲ့လာရောက်စစ်ဆေးပါတယ်။ ဒီလိုစစ်ဆေးတဲ့အခါမှာလည်း သတ်မှတ်တဲ့နှုန်းထားတွေ မှန်ကန်မှုရှိ/မရှိ အလေးအနက်ထားပြီး မြန်မြန်ဆန်ဆန် စစ်ဆေးပေးဖို့လိုပါတယ်။

နောက်တစ်ခုက အိမ်ကိုအပေါင်ထားပြီးတဲ့အခါမှာ ကျွန်တော်တို့ အာမခံဌာနကနေပြီးတော့ မီးအာမခံလာစစ်ပါတယ်။ ဒီနေရာမှာလည်း အချိန်အများကြီးပေးပြီးတော့ ကြန့်ကြာမှုတွေရှိပါတယ်။ နောက်တစ်ခုကတော့ အဓိကအချက်ကတော့ ငွေချေးတဲ့လူများအနေနဲ့ ချေးငွေရပြီးတဲ့အခါမှာ ဒီချေးငွေကိုအမှန်တကယ် အသေးစားအလတ်စားစက်မှုလက်မှု လုပ်ငန်းများမှာအသုံးမချဘဲနဲ့ ခေါင်းစဉ်ပြောင်းပြီးသုံးတဲ့အတွက်ကြောင့် တိုင်းပြည်မှာ ဖွံ့ဖြိုးတိုးတက်မှုတွေမရှိတာကိုလည်း တွေ့ရပါတယ်။ နောက်ဆုံးအချက်အနေနဲ့ကတော့ ယနေ့ချေးငွေပေးတဲ့ စနစ်အားလုံးခြုံကြည့်လိုက်ရင် စက်မှုလုပ်ငန်းတိုးတက်ဖို့အတွက် လိုအပ်တဲ့အရင်းအနှီးတွေ ပြည်သူတွေ အလုံအလောက်မရပါဘူး။ ဒါကြောင့်သတ်မှတ်ထားတဲ့ ၃၀ ရာခိုင်နှုန်း ပြင်ဆင်ပေးဖို့ ကျွန်တော်အခု တင်ပြသွားတဲ့ လုပ်နည်းစနစ်တွေကိုမှန်မှန်ကန်ကန်နဲ့ ဆောင်ရွက်ပေးနိုင်ဖို့အတွက် ကျွန်တော် မေးလိုတဲ့မေးခွန်းကတော့ နိုင်ငံတော်၏ အသေးစားနှင့်အလတ်စား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်နှင့်ဆက်သွယ်ပြီး မိမိ၏မရွှေ့မပြောင်းနိုင်သောပစ္စည်းအားအပေါင်အဖြစ်အပ်နှံ၍ ငွေချေးယူသည့်လုပ်ငန်းများနှင့်ပတ်သက်ပြီး အားနည်းချက်များကို ပြန်လည်လေ့လာသုံးသပ်ပြီး ယခုထက် လုပ်ငန်းအဆင်ပြေလွယ်ကူချောမွေ့သော အချိန်သတ်မှတ်ချက်များနှင့် လာဘ်ပေးလာဘ်ယူမှုနည်းသော၊ ဝန်ထမ်းများကို ဥပဒေနှင့်အညီ ထိန်းကျောင်းနိုင်သော ယခုထက်အားကောင်းပြီး စနစ်တစ်ခုကို လက်တွေ့ကျကျဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိသိရှိလိုတဲ့အတွက်ကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ စက်မှုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမျိုးအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးမျိုးအောင် ဖြစ်ပါတယ်။ အခု အစည်းအဝေးမှာ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး စက်မှုဝန်ကြီးဌာနကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်၏ ချေးငွေတစ်ရပ် ထုတ်ချေးခွင့်ရယူရာမှာ ရိုးရိုးချေးငွေ (Commercial Loan) နှင့် SME ချေးငွေ (SME Loan) နှစ်မျိုး ရှိပြီးတော့ ဘဏ်ရဲ့လက်ရှိစည်းမျဉ်းသတ်မှတ်ချက်အရ သက်ဆိုင်ရာဘဏ်ခွဲများသို့ ကိုယ်တိုင်သွားရောက်၍ ချေးငွေလျှောက်လွှာရယူနိုင်ပြီး ရိုးရိုးချေးငွေ (Commercial Loan) ၁၂ ရာခိုင်နှုန်းအတွက် အောက်ဖော်ပြပါ အထောက်အထားများနှင့်အတူ ချေးငွေလျှောက်ထားနိုင်ပါတယ်။ အဓိက အထောက်အထားများကတော့ အာမခံပစ္စည်းအထောက်အထားစာရွက်များ၊ အာမခံပစ္စည်း ခိုင်မာမှု သက်သေခံသည့်မြေပုံ၊ သုံးနှစ်စာအခွန်ဆောင်ထားတဲ့အထောက်အထား၊ ဝင်ငွေ၊ ထွက်ငွေစာရင်း သုံးနှစ်စာအတွက်၊ ကုမ္ပဏီလိုင်စင် သို့မဟုတ် လုပ်ငန်းလိုင်စင် သို့မဟုတ် စက်မှုလိုင်စင်တို့ဖြစ်ပါတယ်။ ပူးတွဲအထောက်အထားတွေကတော့ ရပ်ကွက်အုပ်ချုပ်ရေးရုံးရဲ့ နေထိုင်ကြောင်းထောက်ခံချက်၊ အမှန် တကယ်လုပ်ငန်းလုပ်ကိုင်ကြောင်းထောက်ခံချက်၊ သက်ဆိုင်ရာအိမ်ထောင်စုဇယားမှတ်ပုံတင် မိတ္တူ၊ မိသားစုဝင်များရဲ့ ထောက်ခံချက်၊ မည်သည့်ဘဏ်မှချေးငွေရယူခဲ့ခြင်းမရှိကြောင်း ဝန်ခံချက်၊ ကာယကံရှင်ရဲ့ ဓာတ်ပုံ၊ ချေးငွေအာမခံနှင့်လုပ်ငန်းများရဲ့ ဓာတ်ပုံအထောက်အထားများတို့ ဖြစ်ပါတယ်။

ချေးငွေလျှောက်လွှာပြည့်စုံသောသူများကို သက်ဆိုင်ရာဘဏ်ခွဲမှ မူရင်းအထောက်အထားများအား ပဏာမစိစစ်ခြင်း၊ အာမခံနှင့်လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးခြင်းများပြုလုပ်ပြီးတော့ ခိုင်မာမှန်ကန်မှုရှိတဲ့ အမှုတွဲများကို ဘဏ်ရုံးချုပ်ရှိ ငွေချေးဌာနသို့ ပေးပို့ပါတယ်။ ဘဏ်ရုံးချုပ်ငွေချေးဌာနအနေဖြင့် ဘဏ်ခွဲများမှတင်ပြလာတဲ့ ချေးငွေအမှုတွဲတွေကို သက်ဆိုင်ရာချေးငွေမှတ်တမ်းများနှင့်

တိုက်ဆိုင်၍ယခင်ကချေးငွေချေးယူခဲ့ဖူးခြင်းရှိ/မရှိ၊ အာမခံခိုင်မာမှုရှိ/မရှိ ထပ်မံစိစစ်ပြီး ခိုင်မာမှု အားနည်းချက်များရှိပါက သက်ဆိုင်ရာဘဏ်ခွဲများသို့အကြောင်းကြားပြီး လိုအပ်ချက်များ ထပ်မံတောင်းခံလာပါတယ်။ ခိုင်မာမှုရှိတဲ့ ချေးငွေအမှုတွဲများအား ဘဏ်ရာဖြတ်၊ ဘဏ်ခွဲမှ တာဝန်ရှိသူ၊ ရုံးချုပ်ချေးငွေဌာနမှ တာဝန်ရှိသူစတဲ့ သုံးဦးပါဝင်သော ဘဏ်ရာဖြတ်အဖွဲ့အားစေလွှတ်၍ အာမခံပစ္စည်းရဲ့တန်ဖိုးကို ရာဖြတ်စေပါတယ်။

အာမခံပစ္စည်းများအား သွားရောက်စိစစ်ခြင်း၊ ဝင်ငွေထွက်ငွေမေးမြန်းခြင်းများ ဆောင်ရွက်ပြီး မူရင်းအထောက်အထားများနှင့် တိုက်ဆိုင်စိစစ်ခြင်း၊ အဆောက်အဦများတိုင်းတာခြင်း၊ တွက်ချက်ခြင်းများပြုလုပ်ပါတယ်။ အာမခံမြေနဲ့အဆောက်အဦအားတိုင်းတာတွက်ချက်ရာတွင် မြေတန်ဖိုးအား လက်ရှိ Market Value ဖြင့်လည်းကောင်း၊ Force Sale Value ဖြင့်လည်းကောင်း တွက်ချက်တင်ပြရပြီး အဆောက်အဦတန်ဖိုးအား PAE စနစ်ဖြင့်တွက်ချက်ပါတယ်။ နောက်ဆုံးအဆင့်တွင် ဘဏ်ရာဖြတ်မှ တွက်ချက်တင်ပြသော ဈေးနှုန်းအား ရာဖြတ်တန်ဖိုး၊ ဓါတ်ပုံမှတ်တမ်း၊ ဘဏ်ရာဖြတ်၏သုံးသပ်ချက်၊ ချေးငွေအထောက်အထားများ ပြည့်စုံစွာဖြင့် BOD အစည်းအဝေးသို့ တင်ပြရပါတယ်။

BOD မှ သက်ဆိုင်ရာအာမခံပစ္စည်းခိုင်မာမှု၊ လုပ်ငန်းကောင်းမွန်မှုပေါ်မှာအခြေခံ၍ Force Sale Value တန်ဖိုးရဲ့ ၃၀ ရာခိုင်နှုန်း၊ ၄၀ ရာခိုင်နှုန်းနှင့် ၅၀ ရာခိုင်နှုန်းတန်ဖိုးသတ်မှတ်ပြီး ချေးငွေများထုတ်ယူခွင့်ပြုမိန့် ချမှတ်ပေးပါတယ်။ အသေးစားနှင့်အလတ်စားဖွံ့ဖြိုးရေးဘဏ်ဟာ အများပြည်သူနှင့်သက်ဆိုင်သော Public Bank တစ်ခုဖြစ်တဲ့အပြင် အများပြည်သူများက ယုံကြည်၍ အပ်နှင်းထားသော အပ်ငွေများဆုံးရှုံးမှု မဖြစ်စေရေးအတွက် ချေးငွေထုတ်ချေးရာတွင် အထက်ဖော်ပြပါလုပ်ထုံးလုပ်နည်းများအတိုင်း စနစ်တကျ စိစစ်ထုတ်ချေးလျက်ရှိခြင်းဖြစ်ပါတယ်။ သို့သော် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဘဏ်ဟာ မြန်မာနိုင်ငံစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ရည်ရွယ်ဆောင်ရွက်လျက်ရှိတဲ့ ဘဏ်ဖြစ်တဲ့အတွက် SME လုပ်ငန်းများအတွက်လည်း အထူးချေးငွေအတိုးနှုန်းဖြစ်တဲ့ ၈.၅ ရာခိုင်နှုန်းဖြင့်လည်းချေးငွေများ ထုတ်ချေးပေးလျက်ရှိပါတယ်။ အဆိုပါ SME အထူးချေးငွေများကို Commercial Loan နှင့်မတူဘဲ အတိုးနှုန်း ၈.၅ ရာခိုင်နှုန်း၊ ချေးငွေသက်တမ်း သုံးနှစ်၊ သက်တမ်းတိုးလျှင် ၁၀ ရာခိုင်နှုန်းအရင်းသွင်းရန်မလိုခြင်း စသည့်ဖြေလျှော့မှုများ ပြုလုပ်ပေးပြီး မဖြစ်မနေလိုအပ်တဲ့ အာမခံမြေဂရန်၊ လုပ်ငန်းလိုင်စင်၊ လုပ်ငန်းအမှန်တကယ်လုပ်ကိုင်ကြောင်း စက်မှုဝန်ကြီးဌာနရဲ့ ထောက်ခံချက်၊ မြေပုံ၊ မြေရာဇဝင်၊ မှတ်ပုံတင်၊

သန်းခေါင်စာရင်း၊ လုပ်ငန်းခါတ်ပုံ၊ အာမခံပစ္စည်းဓာတ်ပုံ၊ ရှေ့နေအစီရင်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးရုံးချုပ်ရဲ့ လုပ်ငန်းမှန်ကန်ကြောင်းထောက်ခံချက်စတဲ့အရေးကြီး အာမခံများကိုသာရယူဆောင်ရွက်ပေးလျက်ရှိပါတယ်။ ချေးငွေထုတ်ချေးရာတွင်လည်း အချိန်ကြာ မြင့်မှုမရှိစေရေးအတွက် တစ်လတစ်ကြိမ် ကျင်းပတဲ့ ဘဏ် BOD အစည်းအဝေးသို့ တင်ပြသည့်စနစ်မှ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ကစပြီး ချေးငွေကော်မတီကို စတင်ဖွဲ့စည်းပြီး တစ်လနှစ်ကြိမ်သို့မဟုတ် သုံးကြိမ်အစည်းအဝေးကျင်းပသည့်စနစ်သို့ ပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။

ဘဏ်များဟာ မိမိထံလာရောက်အပ်နှံတဲ့ အပ်ငွေများပေါ်တွင် အခြေခံပြီး ချေးငွေထုတ်ချေးခြင်းဆောင်ရွက်ရတဲ့အတွက် ဗဟိုဘဏ်မှ သတ်မှတ်ချက်ဖြစ်တဲ့ (Loan to Deposit Ratio)အရ အပ်နှံငွေများရဲ့စုစုပေါင်း ၈၀ ရာခိုင်နှုန်းကို ပြန်လည်ချေးယူဖို့ချေးယူခွင့်ပြုပါတယ်။ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်ဟာ မြန်မာနိုင်ငံစက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးကို ရည်ရွယ်ဆောင်ရွက်နေတဲ့ ဘဏ်ဖြစ်ပါ၍ဘဏ်အတွင်း ဆုံးရုံးမှုကာကွယ်ရေးကိုအခြေခံပြီး ယခုထက်ပိုမိုကောင်းမွန်မြန်ဆန်စွာ လုပ်ဆောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

အလားတူပဲ သမဝါယမဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနဟာ အသေးစားစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေးဥပဒေနှင့်အညီ အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းမှတ်ပုံတင်ပေးခြင်း၊ ပြည်သူများအား အသက်မွေးဝမ်းကျောင်းနဲ့ နည်းပညာသင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်းတို့ကို စဥ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပိုမိုကျယ်ပြန့်အောင်ဆောင်ရွက်နိုင်ရန်လည်း စီစဥ်လျက်ရှိပါတယ်။ ထို့အပြင် အသေးစားစက်မှုလုပ်ငန်းများ (Micro-Business) ဖွံ့ဖြိုးရေးအတွက်လည်း အသေးစားအရင်းအနှီးငွေထုတ်ချေးပေးခြင်းများကို အပေါင်ပစ္စည်းမလိုဘဲသမဝါယမစည်းမျဥ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထူထောင်ပြီးဖြစ်တဲ့ မြန်မာအသေးစားငွေရေး ကြေးရေးဘဏ် (Myanmar Micro-finance Bank)ရဲ့လုပ်ငန်းလည်ပတ်ဆောင်ရွက်လာနိုင်ပါကလည်း သမဝါယမအသင်းများ သမဝါယမအသင်းသားအခြေခံ ပြည်သူများအတွက် အပေါင်ပစ္စည်းတင်ရန်မလိုဘဲ အသေးစားအရင်းအနှီးချေးငွေများထုတ်ချေးပေးခြင်း၊ ကျန်ပုဂ္ဂလိကလုပ်ငန်းရှင်များအား အပေါင်ပစ္စည်းအပ်နှံတဲ့စနစ်ဖြင့် ငွေထုတ်ချေးပေးခြင်းများ ဆောင်ရွက်နိုင်ရန်စနစ်နဲ့ စီစဥ်လျက်ရှိပါတယ်။

**မူကြမ်း**

ထို့အပြင် အသေးစားအရင်းအနှီးချေးငွေများဆုံးရှုံးမှုမရှိစေရန်အတွက် တစ်ဦးချင်းလိုက်နာထိန်းကျောင်းခြင်း၊ ဝိုင်းကြီးချုပ်စနစ်ဖြင့် အချင်းချင်းထိန်းကျောင်းခြင်း၊ သမဝါယမအသင်းအဆင့်ဆင့်က ထိန်းကျောင်းခြင်းစတဲ့စနစ်များနဲ့ ချမှတ်ပြီးတော့ထိန်းကျောင်း ဆောင်ရွက်စေခဲ့ပါတယ်။ ဝန်ထမ်းများကို ဥပဒေနှင့်အညီ စည်းကမ်းတကျ ကျင့်ကြံတတ်ရေး၊ ကျရာတာဝန်အခန်းကဏ္ဍမှ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးစီးပွားကို အလေးထားဆောင်ရွက်ရေး၊ ပေးအပ်သောတာဝန်များကိုကျေပွန်စွာထမ်းဆောင်တတ်ရေး၊ အကျင့်စာရိတ္တပျက်ပြားခြင်းနှင့် လာဘ်ပေးလာဘ်ယူမှု ရှောင်ကြဉ်စေရေးတို့အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေကိုပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၅) အဖြစ် သတ်မှတ်ပြီး နိုင်ငံတော်သမ္မတက ၂၀၁၃ခုနှစ်၊ မတ်လ ၈ ရက်နေ့က လက်မှတ်ရေးထိုးပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါဥပဒေကို နိုင်ငံ့ဝန်ထမ်းအဆင့်အတန်းအားလုံး သိရှိလိုက်နာကျင့်သုံးစေရန် အလို့ငှာ အရာထမ်း/အမှုထမ်းအားလုံးကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပြီးတော့ညွှန်ကြားထားပြီး ဖြစ်ပါတယ်။ ထို့အပြင် နိုင်ငံတော်သမ္မတရဲ့ လမ်းညွှန်ချက်အရ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများကလည်း ဗဟိုဝန်ထမ်းတက္ကသိုလ်သင်ခန်းစာထည့်သွင်းပို့ချရေးများကို ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ထပ်ဆင့်မေးခွန်းမေးခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ယနေ့ ဝန်ကြီးရှင်းပြသွားသလို စက်မှုလက်မှုလုပ်ငန်းများအထဲက အသေးစား အလတ်စားစက်မှုလက်မှုလုပ်ငန်းများ အမှန်တကယ် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အခြေခံအကျဆုံးကတော့ Capital Market ဖြစ်ပါတယ်။ အရင်းအနှီးမရှိဘဲနဲ့ ဘာမှလုပ်လို့မရပါဘူး။ ယနေ့နိုင်ငံတော်က ချေးနေတဲ့ချေးငွေများသည် မိမိပိုင်ဆိုင်တဲ့ မရွှေ့မပြောင်းနိုင်တဲ့အဆောက်အဦများကို အပေါင်ချင်ပေးကြရပါတယ်။ ပေးပြီးမှ မြန်မာ့စီးပွားရေးဘဏ်ဆို ကာလအားဖြင့် သုံးနှစ်၊ အတိုးအားဖြင့် ၁၇ ရာခိုင်နှုန်းဖြစ်ပါတယ်။ အလားတူပုဂ္ဂလိကဘဏ်များလည်း ယနေ့ပေါ်ထွန်းလာပြီး ဖြစ်တဲ့အတွက်ကြောင့် နည်းလမ်းပေါင်းစုံနဲ့ချေးလို့ရပါတယ်။ သို့သော် ယနေ့ဖြစ်နေတာက မိမိပိုင်ဆိုင်တဲ့ပစ္စည်းရဲ့ ၃၀ ရာခိုင်နှုန်းကိုပဲ ချေးခွင့်ရတဲ့အတွက်ကြောင့် လုံလောက်တဲ့အရင်းအနှီးမရကြပါဘူး။ ဒီလိုမရတဲ့အခါမှာ အရင်းအနှီးအပြည့်အစုံရဖို့ဆိုရင် ပိုင်ဆိုင်မှုထက် ယနေ့ ကျွန်တော်တို့ ပြီးခဲ့တဲ့ရက်ပိုင်းက သတင်းစာရှင်းလင်းပွဲတွေ၊ ဂျာနယ်တွေမှာတွေ့တဲ့သတင်းစာရှင်းလင်းပွဲမှာ အစိုးရဘက်မှဖော်ဆောင်ပေးမယ့် Cerdit Guarantee ကျွန်တော်တို့ အပေါင်ပစ္စည်းမပါဘဲနဲ့ ငွေချေးမယ့်စနစ်ကိုလုပ်မယ်လို့ ကြားသိရပါတယ်။ ဒါနဲ့ပတ်သက်လို့ ယနေ့ မည်သည့်အဆင့်ရောက်ပြီးတော့ လာမယ့်

ကာလမှာ ပြည်သူလူထု စက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်မယ့်သူတွေ အရင်းအနှီး အပြည့်အဝရဖို့ အတွက် အပေါင်ပစ္စည်းမပါဘဲနဲ့ ဘယ်လိုဖော်ဆောင်မယ်ဆိုတဲ့ အဖြေကိုသိချင်တဲ့အတွက်ကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ထပ်ဆင့်မေးခွန်းမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဦးမျိုးအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လက်ရှိ ကျွန်တော်တို့ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်အပါအဝင် ဘဏ်တွေကနေပြီးတော့ ငွေချေးတဲ့နေရာမှာ ဗဟိုဘဏ်ရဲ့ညွှန်ကြားချက် ငွေရေးကြေးရေးအဖွဲ့အစည်းများဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ မရွှေ့ မပြောင်းနိုင်တဲ့ ပစ္စည်းအပေါင်ပစ္စည်းပါမှပဲ ချေးလို့ရပါတယ်။ ဒါကြောင့်မို့လည်း စောစောက လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားသလို ဒီအသေးစားနှင့်အလတ်စား လုပ်ငန်းပိုင်ရှင်အနေနဲ့ လည်း ငွေချေးတဲ့နေရာမှာ ဒီအခက်အခဲတွေရှိတာ ကျွန်တော်တို့လည်းသိပါတယ်။ ကျွန်တော်တို့ ဒီ Delivery Unit ကိစ္စနဲ့ရော၊ အခြားကိစ္စရောသွားတဲ့လာတဲ့အချိန်မှာလည်း ဒါတွေဆွေးနွေးကြပါတယ်။ အဲ့တော့ အခုလောလောဆယ်ဆယ်တော့ ကျွန်တော်တို့ ဒီဘဏ်အနေနဲ့ အပေါင်ပစ္စည်းမပါဘဲနဲ့ ငွေချေးဖို့ Cerdit Guarantee ကိစ္စကို ဆောင်ရွက်နေပါတယ်။ Cerdit Guarantee ကိစ္စဆောင် ရွက်တဲ့နေရာမှာ ဘဏ္ဍာရေးနဲ့အခွန်ဝန်ကြီးဌာနကတာဝန်ယူပြီးတော့ ဘဏ္ဍာရေးနဲ့အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းဦးဆောင်တဲ့အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ ဒီအဖွဲ့ အစည်းကနေပြီးတော့ မြန်မာ့အာမခံလုပ်ငန်းကိုအခြေခံပြီးတော့ ဒီ Cerdit Guarantee လုပ်ဖို့ ဆိုပြီးတော့ သူတို့အစီအစဉ်ဆွဲနေပြီးဖြစ်ပါတယ်။ ဒီလုပ်ငန်းကျွမ်းကျင်မှုလိုအပ်ရင်လည်း တခြား ပြည်ပနိုင်ငံများကနေပြီးတော့ အကူအညီယူဖို့လို့ဆွေးနွေးနေပါတယ်။ ကျွန်တော်သိသမျှကတော့ ဒီ Cerdit Guarantee အစီအစဉ်ဟာ မကြာမီ မကြာမီဆိုတာ ကျွန်တော်သိတဲ့ Information အရ နှစ်လ၊ သုံးလလောကအတွင်းမှာ အကောင်အထည်ဖော်လာဖို့ရှိပါတယ်။ အသေးစိတ်ကတော့ စောစောကတင်ပြသလို ဘဏ္ဍာရေးနဲ့အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း ဦးဆောင်ပြီးတော့ ဆောင်ရွက်နေပြီဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့နိုင်ငံအတွက် အင်မတန်မှ အရေးကြီးတဲ့ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးလုပ်ငန်းဆိုင်ရာကော်မတီဖွဲ့စည်းပြီးတော့ သတ်မှတ် ထားတဲ့ အချိန်ကာလအတွင်းမှာ ဒီဥပဒေကိုပြင်ဆင်နိုင်ဖို့အတွက် အခုဆိုရင် တစ်ပတ်မှာတစ်ကြိမ်

အနည်းဆုံး အစည်းအဝေးပြုလုပ်ပါဆိုတဲ့နေရာမှာတစ်ပတ်မှာ တစ်ကြိမ်မရတဲ့အတွက် တစ်ပတ်မှာ သုံးကြိမ်ပြုလုပ်နေတာဖြစ်ပါတယ်။ အဲ့လိုပြုလုပ်တဲ့အခါမှာလည်း လွှတ်တော်အတွင်းမှာရှိကြတဲ့ ကော်မတီဝင်များဟာ လွှတ်တော်အစည်းအဝေး တက်စရာမလိုဘဲနဲ့ ဒီမှာခွင့်တိုင်ပြီးတော့ ခွင့်တိုင်တယ်ဆိုတာ လွှတ်တော်အစည်းအဝေးကနေပြီးတော့ ခုနက အစည်းအဝေးမှာတက်ဖို့ ခွင့်တိုင်ပြီးတော့ ဆောင်ရွက်ခွင့်ပြုထားပါတယ်။ ဒါကြောင့်မို့လို့ အခု ဒီကော်မတီမှာပါဝင်တဲ့ ဦးတင်မောင်ဦးဟာ အစည်းအဝေးတက်ဖို့ရှိတယ်ဆိုတဲ့အတွက် ကျွန်တော့်ကိုလာပြီးတော့ သတင်းပို့တဲ့အခါမှာ ခုနက ပြောသလို ဦးစားပေးမေးခွန်းမေးခိုင်းခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဦးတင်မောင်ဦး မေးခွန်းလဲ မေးပြီးပြီ။ ဒါကြောင့်မို့လို့ မိမိတက်ရမယ့်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြင်ဆင်ရေး အကောင်အထည်ဖော်မှု ကော်မတီအစည်းအဝေးကို တက်နိုင်ပါပြီ ဒါလည်းလွှတ်တော်ကိုယ်စားလှယ်များ အားလုံး သိထားသင့်တဲ့အတွက် ကျွန်တော်အခုလို တင်ပြခြင်းဖြစ်ပါတယ်။

**ဘူးသီးတောင်-မောင်တောလမ်းပေါ်ရှိ လိုဏ်ဂူငယ်လမ်းအား ရှောင်ကွင်းလမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး အစီအစဉ်မှာပါတဲ့ ဒေါ်ခင်စောဝေ၊ ရသေ့တောင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါရှင်။ ကျွန်မက ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေဖြစ်ပါတယ်။ ကျွန်မက ဘူးသီးတောင်ဇာတိလည်းဖြစ်ပါတယ်။ ဒီ ဘူးသီးတောင်-မောင်တောလမ်းဟာ ၁၆ မိုင်ရှည်လျားပါတယ်။ အဲ့ဒီလမ်းကြားထဲမှာဆိုရင် လိုဏ်ဂူကြီးနဲ့လိုဏ်ဂူငယ်ဆိုပြီးတော့ ဒီလမ်းမှာ လိုဏ်ဂူတွဲနှစ်ခုကို ၁၉၁၈ ခုနှစ် မာတင်ကုမ္ပဏီက အင်္ဂလိပ်လက်ထက်မှာတည်ဆောက်ခဲ့ပါတယ်။ အဲ့ဒီလိုဏ်ဂူကြီးကိုတော့ ကျွန်မတို့ရခိုင်တွေကဆိုလို့ရှိရင် တောင်ခေါင်းကြီးလို့ခေါ်ပါတယ်။ လိုဏ်ဂူငယ်ကိုတော့ တောင်ခေါင်းရှည်ဆိုပြီးတော့ ကျွန်မတို့ခေါ်ခဲ့ပါတယ်။ ဒီသွားတဲ့လမ်းမှာဆိုလို့ရှိရင် ၉၆ နှစ်လောက်ကြာခဲ့ပါပြီ။ အခုဆိုလို့ရှိရင် ဒီလိုဏ်ဂူကြီးတွေဟာလည်း တော်တော်လေး ပျက်စီးနေတာကိုလည်း တွေ့ရပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရကနေပြီးတော့ လိုဏ်ဂူကြီးကို ဒီလိုဏ်ဂူက မသွားဘဲနဲ့ ရှောင်ကွင်းလမ်းအဖြစ်ကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှာ အောင်မြင်စွာဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပါတယ်။ အခု လိုဏ်ဂူငယ်ဟာဆိုရင်လည်း ရခိုင်ပြည်နယ်ရှိ ပြည်သူများအတွက် စီးပွားရေး၊ လူမှုရေး၊

လုံခြုံရေးအတွက် အင်မတန်အရေးကြီးပါတယ်။ အဲ့ဒီအတွက်ကြောင့် ဒီလိုဏ်ဂူငယ်ကိုလည်း ရှောင်ကွင်းလမ်းအဖြစ်ပေါ့နော် အသုံးပြုဖို့ အထူးလိုအပ်လျက်ရှိနေပါတယ်။ အဲ့ဒီအတွက်ကြောင့် ကျွန်မက ပြည်သူများကိုယ်စား ရိုသေလေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ဒီလိုဏ်ဂူငယ်လမ်းကို ရှောင်ကွင်းလမ်းအဖြစ် လုပ်ပေးရန် အစီအစဉ်ရှိပါသလား။ အစီအစဉ်ရှိပါက မည်သည့်အချိန်မှာပြုလုပ်ပေးမည်ဆိုတာကို သိလိုပါ၍ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လွင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ မေးမြန်းတဲ့မေးခွန်းနှင့်ပတ်သက်ပြီးတော့ ဘူးသီးတောင်-မောင်တောလမ်းပေါ်မှာရှိတဲ့ မိုင်တိုင်(၆/၄) နှင့် (၆/၅) ကြားမှာရှိတဲ့ လိုဏ်ဂူငယ်ကို ရှောင်ကွင်းလမ်းလုပ်ပေးနိုင်ခြင်းရှိ/မရှိ မေးခွန်းကိုဖြေကြားသွားမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ မောင်တောခရိုင်အတွင်းမှာရှိတဲ့ ဘူးသီးတောင်-မောင်တောလမ်းဟာ ၁၆ မိုင်ရှည်လျားပါတယ်။ အဲ့ဒီလမ်းဟာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က စီမံခန့်ခွဲတဲ့လမ်းဖြစ်ပါတယ်။ မိုင်တိုင်(၆/၄) နှင့် (၆/၅) ကြားမှာ ၉၈ ပေအရှည်ရှိတဲ့ လိုဏ်ဂူငယ်တစ်ခုရှိပြီးတော့ မိုင်တိုင်(၇/၇) နှင့် (၈/၀) မှာတော့ ၆၅၈ ပေအရှည်ရှိတဲ့ လိုဏ်ဂူကြီးတစ်ခုရှိပါတယ်။ အဲ့ဒီဟာတွေကတော့ Tunnel နှစ်ခုဖြစ်ပါတယ်။ လိုဏ်ဂူကြီးကတော့ ကြံ့ခိုင်ရေးလည်း အားနည်းတဲ့အတွက် ကျွန်တော်တို့ ၂၀၁၃-၂၀၁၄ မှာပဲ ဒီဟာကို ရှောင်ကွင်းလမ်းအဖြစ် ပေ ၁၅၀၀ ဖောက်လုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဖောက်လုပ်ပြီးတော့ အခုမှာ ကတ္တရာလမ်းအဖြစ်နဲ့ အသုံးပြုလျက်ရှိပါတယ်။ ဒီလိုဏ်ဂူငယ်ကတော့ လောလောဆယ်မှာတော့ ကြံ့ခိုင်ရေးက ကောင်းတဲ့အနေအထားမှာရှိပါတယ်။ သို့ရာတွင် လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြထားသလိုပဲ လမ်းပန်းဆက်သွယ်ရေးအတွက် ရှောင်ကွင်းလမ်းရှိသင့်တယ်လို့ ကျွန်တော်တို့လည်း ခံယူထားပါတယ်။

ဒါကြောင့်မို့လို့ ဒီရှောင်ကွင်းလမ်းကို ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ တိုင်းတာပြီးဖြစ်ပါတယ်။ အရှည် ပေ ၅၅၀၊ အမြင့် ပေ ၆၀ ရှိတဲ့ လိုဏ်ဂူငယ်ရှောင်ကွင်းလမ်းကို ကျွန်တော်တို့ တိုင်းတာပုံထုတ်ပြီးလည်း ဖြစ်ပါတယ်။ အဲ့ဒီတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ညှိနှိုင်းပြီးတော့ ဒီလုပ်ငန်းကို ရှောင်ကွင်းလမ်းအဖြစ်ကို ဆောင်ရွက်ပေးပါမယ်လို့ ကျွန်တော့်အနေနဲ့ ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**လက်ပံတန်း-ကျွန်းကလေး-ကမ်းပြိုကြီး ကတ္တရာလမ်းဟောင်းအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးကျော်မင်း၊ လက်ပံတန်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်မင်း(လက်ပံတန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ကျွန်တော့်အနေနဲ့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော် အခုတင်ပြမယ့်မေးခွန်းကတော့ လမ်းပန်းဆက်သွယ်ရေးနှင့်ဆိုင်တဲ့မေးခွန်းဖြစ်ပါတယ်။ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး တိုးတက်ဖို့ဆိုလို့ရှိရင် လမ်းပန်းဆက်သွယ်ရေးဟာ အဓိကအရေးကြီးတယ်လို့ ကျွန်တော်ယူဆပါတယ်။ ကျွန်တော် အခု တင်ပြမယ့်လမ်းကတော့ နှစ်ပေါင်း ၉၀၊ ၁၀၀ လောက်ရှိတဲ့ ဗြိတိသျှခေတ်တုန်းက သစ်ထုတ်တဲ့လမ်း ဖြစ်ပါတယ်။ အဲ့ဒီလမ်းဟာဆိုရင် ရန်ကုန်-ပြည်လမ်းမကြီးကနေပြီးတော့မှ လက်ပံတန်းအရှေ့ဘက်ကို သွားမယ်ဆိုလို့ရှိရင် ၆ မိုင်နဲ့ ၂ ဖာလုံခန့်ရှိပါတယ်။ ဒီလမ်းက။ အဲ့ဒီတော့ ဒီလမ်းရဲ့အခုအနေအထားက မြေသားလမ်းနီးပါးလောက်ဖြစ်သွားပါပြီ။ ဟိုတုန်းကကတ္တရာလမ်းဟာ အခုဆိုလို့ရှိရင် ကျောက်ခင်းတစ်ပိုင်းတစ်စရှိပါတယ်။ တချို့နေရာတွေမှာ ဂဝံလမ်းအပိုင်းအချို့ရှိပါတယ်။ တော်တော်များများကတော့ မြေသားလမ်းဖြစ်သွားပါပြီ။ အဲ့ဒီတော့ ဒီလမ်းကို အသုံးပြုနေတဲ့ ကျေးရွာတွေကတော့ အုပ်စုကတော့ ခြောက်အုပ်စုရှိပါတယ်။ ကျေးရွာကတော့ ရွာပေါင်း ၄၀ နီးပါးလောက်ရှိပါတယ်။ လူဦးရေကတော့ ၁၀၀၀၀ ခန့်ရှိပါတယ်။ ဒါပေမယ့်လို့ ဒီလမ်းကို တစ်မြို့နယ်လုံးက အသုံးပြုနေတဲ့လမ်းဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သစ်တောထွက်ပစ္စည်းများကိုလည်းပဲ ဒီလမ်းကပဲ တစ်မြို့နယ်လုံးက ထုတ်လုပ်တဲ့လမ်းဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီလမ်းမှာဆိုလို့ရှိရင် ခြောက်မိုင်လောက်အကွာမှာ ဆိုလို့ရှိရင်လည်းပဲ အ-ထ-က(ခွဲ) ဖိုးဂေါင်စုကျောင်းဆိုတာလည်း ရှိပါတယ်။ ရွာအသီးသီးမှာလည်းပဲ အ-မ-က ကျောင်း

တွေလည်းရှိတဲ့အတွက်ကြောင့် မြို့ပေါ်က ဆရာဆရာမတွေ ဒီလမ်းမကောင်းတဲ့အတွက်ကြောင့် အချိန်တွေနောက်ကျတာတို့၊ နောက်တစ်ခါ ၁၀ မိုင်လောက်ရှိတဲ့၊ ၆ မိုင်လောက်ရှိတဲ့ ကျေးရွာတွေကနေပြီးတော့ မိုးတွင်းအခါမှာ ကျန်းမာရေးအရ အရေးပေါ်လာမယ်ဆိုလို့ရှိရင် ထမ်းပိုးပြီးတော့မှ လာရတဲ့အခါကျတော့ တချို့ဆိုလို့ရှိရင် လမ်းမှာပဲ အသက်ဆုံးရှုံးခဲ့တာတွေလည်း ကျွန်တော်တို့တွေ့ကြုံခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ ဒီလမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ ကျွန်တော် ကြယ်ပွင့်မပြမေးခွန်းနဲ့မေးခဲ့တဲ့အခါမှာ ၂၁ သန်း ဂဝံ တစ်မိုင် ခင်းပေးဖို့ဆိုပြီးတော့မှ ကတိရပါတယ်။ ဒါပေမယ့်လို့ ဒီဂဝံတစ်မိုင်ကလည်းပဲ ပြန်ကြည့်မယ်ဆိုလို့ရှိရင် ၆ မိုင်လောက်လမ်းမှာ တော်တော်ဆိုးဆိုးဝါးဝါးဖြစ်နေတဲ့ လမ်းပိုင်းတွေကို ချိုင့်ခွက်ဖို့ရုံလောက်နဲ့ပဲ ဖြစ်တဲ့အတွက်ကြောင့် အခု ၂၁ သန်းကလည်း သက်တမ်းနုတဲ့ဂဝံတွေကို အသုံးပြုခဲ့တဲ့အတွက်ကြောင့် ဒီ ၂၁ သန်းကလည်းပဲ အဟောသိကံဖြစ်ပြီးတော့မှ အခုဆိုရင် မြေသားလမ်းဘဝကို ပြန်ရောက်သွားပါပြီ။

ဒါကြောင့်မို့လို့ ကျွန်တော် ဒီနေရာမှာတင်ပြချင်တာက ဒီလမ်းဟာ မြို့နယ်စည်ပင်ကလည်းပဲ ဒီလောက် ငွေကုန်ကြေးကျ ကတ္တရာလမ်းခင်းမယ်ဆိုလို့ရှိရင် ကျပ်သန်းပေါင်း ၉၄၂ သန်းလောက် ကုန်မယ်ဆိုတဲ့အခါကျတော့ မြို့နယ်စည်ပင်ကလည်း တာဝန်မယူနိုင်ပါဘူး။ အဲ့ဒီတော့ ဒီလမ်းကို ဆောက်လုပ်ရေး ဝန်ကြီးဌာနကသာလျှင် တာဝန်ယူပေးမှပဲ ဖြစ်မှာပါ။ ဒါပေမယ့်လို့ ဒီအချိန်မှာ မပြင်နိုင်ရင်လည်းပဲ နောင်အခါမှာ ဘယ်လိုပြင်ပေးနိုင်မလဲဆိုတာကိုလည်းပဲ ကျွန်တော့်အနေနဲ့ သိချင်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် ကျွန်တော်မေးချင်တာကတော့ မြို့နယ်စည်ပင်က တာဝန်မယူနိုင်တဲ့လမ်းကို ပြည်သူ့ဆောက်လုပ်ရေးဝန်ကြီးဌာနကနေပြီးတော့ ကတ္တရာလမ်းသို့တည်းမဟုတ် ကွန်ကရစ်လမ်းအဖြစ်ကို မြှင့်တင်ပြီးတော့မှ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လွင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း မေးမြန်းတဲ့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပြင်ဆင်ထိန်းသိမ်းပေးနိုင်ခြင်းမရှိတဲ့ လက်ပံတန်း-ကျွန်းကလေး-ကမ်းပြိုကြီး ကတ္တရာလမ်းဟောင်းကို ပြင်ဆင်ပေးနိုင်ခြင်းရှိ/မရှိ၊ ကျွန်တော်

တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနကနေ တာဝန်ယူပေးနိုင်ခြင်းရှိ/မရှိ မေးခွန်းကို ဖြေကြားပေးမှာ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်အတွင်းမှာရှိတဲ့ လက်ပံတန်း-ကျွန်းကလေး-ကမ်းပြိုကြီးလမ်းဟာ ၆ မိုင် ၂ ဖာလုံလောက်ရှိပါတယ်။ ဒီလမ်းဟာ စည်ပင်သာယာလမ်းဖြစ်ပါတယ်။ လက်ပံတန်း-ကျွန်းကလေး-ကမ်းပြိုကြီးလမ်းကို ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအနေနဲ့ တာဝန်ယူဆောင်ရွက်လိုတယ်ဆိုလို့ရှိရင် လုပ်ထုံးလုပ်နည်းကတော့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကနေပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ လွှဲပြောင်းလက်ခံဖို့တင်ပြပေးဖို့ဖြစ်ပါတယ်။ တင်ပြပေးမယ်ဆိုလို့ရှိရင် အစိုးရအဖွဲ့ကနေ ကျွန်တော်တို့ ဝန်ကြီးဌာနကိုမေးမြန်းပြီးတော့ ကျွန်တော့်အနေနဲ့ လက်ခံနိုင်ပါတယ်လို့ ပြန်ကြားလိုက်တာနဲ့ ဒီလမ်းဟာ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ တာဝန်ယူဆောင်ရွက်တဲ့လမ်း ဖြစ်လာမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လုပ်ထုံးလုပ်နည်းအတိုင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ကနေပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဒီလမ်းနဲ့ပတ်သက်ပြီးတော့ လွှဲပြောင်းလက်ခံဖို့ တင်ပြပေးပါဆိုပြီးတော့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ ခွင့်ပြုချက်ရရှိတာနဲ့ ဒီလမ်းကို ကောင်းမွန်အောင် ကျွန်တော်တို့ ဆောင်ရွက်ပေးသွားပါမယ်လို့ ပြောကြားရင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံတွင် နေ့စဉ်ထွက်ရှိသော ရေနံစိမ်းနှင့် နေ့စဉ်သုံးစွဲနေသော လောင်စာဆီပမာဏမှာ များစွာကွာခြားလျက်ရှိရာ အနာဂတ်စွမ်းအင်လုံခြုံရေးအတွက် မည်သည့်ပေါ်လစီများ ချမှတ်ထားသည်ကို သိလိုသည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးကြည်သာ၊ ဂွမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းလိုပါတယ်။ ဒီမေးခွန်းကတော့ မြန်မာနိုင်ငံတွင် နေ့စဉ်ထွက်ရှိသော ရေနံစိမ်းပမာဏနှင့် နေ့စဉ်သုံးစွဲနေသော ဒီဇယ်ဆီ၊ ဓာတ်ဆီစသည့် လောင်စာဆီပမာဏမှာ များစွာကွာခြားလျက်ရှိပါသည်။ ထိုင်းနိုင်ငံနှင့် စင်ကာပူစသည့်နိုင်ငံများမှာ လစဉ်တင်သွင်းသည့် ဒီဇယ်ဆီ၊ ဓာတ်ဆီများ၏ ပမာဏမှာ များပြားလျက်ရှိပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ စွမ်းအင် Policy တွင် အနာဂတ်စွမ်းအင်လုံခြုံရေးအတွက် မည်ကဲ့သို့သော Policy များ ချမှတ်ထားပါသနည်း ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ကျွန်တော် ဒီမေးခွန်းကို မေးမြန်းရခြင်းက ယနေ့ မြန်မာနိုင်ငံမှာ ရေနံစိမ်း တစ်နေ့ကို စည် ၇၀၀၀ ခန့် ထုတ်လုပ်နေတယ်လို့ သိရပါ

တယ်။ ဒါပေမယ့် ကျွန်တော်တို့ ယနေ့ သုံးစွဲနေတာက ရေနံစိမ်း စည်ပေါင်း ၇၀၀၀၀ ကျော်နှင့် ညီမျှတဲ့ စွမ်းအင်ကို သုံးစွဲနေတဲ့အတွက်ကြောင့် ထွက်ရှိတဲ့ပမာဏထက် ကျွန်တော်တို့က ၁၀ ဆလောက်သုံးစွဲနေရတဲ့ သဘောဖြစ်နေပါတယ်။

အဲ့ဒီတော့ ဒီဥစ္စာကို အနာဂတ်မှာ ဘယ်လိုဖြေရှင်းမလဲဆိုတဲ့ အစီအမံလေးကို ကျွန်တော် သိချင်ပါတယ်။ ဒီလိုမျိုး စနစ်တကျစီမံမှုမရှိလို့ရှိရင် နိုင်ငံရဲ့ကုန်သွယ်ရေး လိုငွေ၊ ပိုငွေမှာ အများကြီး ထိခိုက်နိုင်ပါတယ်။ အဲ့ဒီတော့ ဒီကိစ္စကိုဖြေရှင်းတဲ့နေရာမှာ ကျွန်တော်တို့ နိုင်ငံခြားက ရေနံစိမ်းများကို တင်သွင်းပြီး စက်မှုဇုန်တွေမှာ လုံလောက်အောင်ချက်လုပ်ပြီးတော့ ဒီဇယ်၊ ဓာတ်ဆီဖြန့်ဖြူးမလား။ ဒါမှမဟုတ် အများသုံးစွဲနေတဲ့ မြို့ပတ်ရထားတို့လို၊ အမြန်ရထားတို့လို စီမံကိန်းတွေကို ဂျပန်နိုင်ငံမှာဆိုရင် ဥပမာ GR ဆိုတဲ့ မီးရထားလုပ်ငန်းကြီးဟာ သူပိုင် ရေအားလျှပ်စစ်စက်ရုံတွေ၊ ကျောက်မီးသွေးစက်ရုံတွေနဲ့လည်ပတ်ပြီးတော့ လျှပ်စစ်ရထားအဖြစ် အသုံးပြုတဲ့အတွက်ကြောင့် စွမ်းအင်သုံးစွဲတဲ့နေရာမှာ Fossil Fuel ခေါ်တဲ့ လောင်စာဆီသုံးစွဲမှုပမာဏ လျော့ဆင်းစေပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း ဒီလိုမျိုး အစီအမံများကို စွမ်းအင် Policy မှာ ဘယ်လိုရေးဆွဲထားသလဲဆိုတာ သိလိုပါသဖြင့် ယခုကဲ့သို့ မေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမြင့်ဇော်(ဒုတိယဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဂါရဝပြုအပ်ပါတယ်။ ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာရဲ့ ကြည်ပွင့်ပြမေးခွန်းအပေါ်မှာ ကျွန်တော် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်မှ ဖြေကြားရှင်းလင်းသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းရေနံစိမ်းထွက်ရှိမှုအရ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ပြည်တွင်းထုတ်လုပ်မှုအနေဖြင့် ဓာတ်ဆီဂါလံ ၇၀.၅ သန်းနှင့် ဒီဇယ်ဆီဂါလံ သန်း ၄၀ ခန့်တို့ဖြစ်ပါတယ်။ ပြည်တွင်းအသုံးပြုမှုအတွက် ဖြန့်ဖြူးပေးနေရမှုမှာ ဓာတ်ဆီဂါလံ ၁၆၈ သန်းခန့်နှင့် ဒီဇယ်ဆီဂါလံ ၃၇၀ သန်းခန့်ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ဓာတ်ဆီ၊ ဒီဇယ်လိုအပ်ချက်ပမာဏအား ပြည့်မီစေရန်နိုင်ငံတော်နှင့် ပုဂ္ဂလိကကဏ္ဍာ နှစ်ရပ်ပေါင်းအနေနဲ့ ဓာတ်ဆီဂါလံ ၉၇ သန်းခန့်နှင့် ဒီဇယ်ဆီဂါလံသန်း

၃၃၀ ခန့်အား ပြည်ပမှ တင်သွင်းခဲ့ရပါတယ်။ ပြည်တွင်းထုတ်လုပ်မှုမှာ လိုအပ်ချက်ရဲ့ ဓာတ်ဆီမှာ ၄၂ ရာခိုင်နှုန်း၊ ဒီဇယ်မှာ ၁၁ ရာခိုင်နှုန်းခန့်သာ ဖြည့်ဆည်းပေးနိုင်တဲ့ အခြေအနေမှာရှိပါတယ်။

အဲ့ဒီလို ပြည်ပမှတင်သွင်းမှုအပေါ် မှီခိုနေရခြင်းကို လျှော့နည်းစေရန် ရေနံနှင့်သဘာဝဓာတ်ငွေ့များ တိုးချဲ့ရှာဖွေထုတ်လုပ်ခြင်းကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ ကုန်းတွင်းလုပ်ကွက် ၁၆ ကွက်မှာ နိုင်ငံတကာကုမ္ပဏီ ၁၂ ခုနဲ့ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီးတော့ ထပ်မံ၍ လုပ်ကွက် ၁၈ ကွက်အတွက်လည်း အပြည်ပြည်ဆိုင်ရာ တင်ဒါခေါ်ယူလျက် လုပ်ကွက် ၁၆ ကွက်အတွက် နိုင်ငံတကာကုမ္ပဏီ ၁၀ ခုဖြင့် ပူးပေါင်းဆောင်ရွက်ရန် စာချုပ်ချုပ်ဆိုရေး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ အလားတူပဲ ကမ်းလွန်လုပ်ကွက် ၁၉ ကွက်မှာ နိုင်ငံတကာကုမ္ပဏီ ရှစ်ခုနှင့် ပူးပေါင်းပြီးတော့ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ကမ်းလွန်လုပ်ကွက်သစ် ၃၀ အတွက်မှာလည်း အပြည်ပြည်ဆိုင်ရာတင်ဒါခေါ်ယူပြီးတော့ လုပ်ကွက် ၂၁ ကွက်အား စာချုပ်များချုပ်ဆိုနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ တင်ပြချက်ပါလုပ်ကွက်များမှ ထွက်ရှိလာမယ့် ရေနံနှင့်သဘာဝဓာတ်ငွေ့များကို ပြည်တွင်းသုံးစွဲမှုအတွက်ပဲ အဓိကထားပြီးတော့ စာချုပ်ချုပ်ဆိုဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အလားတူ ရေနံချက်စက်ရုံများအား အဆင့်မြှင့်တင်ခြင်း၊ 92 Ron ဓာတ်ဆီအဆင့်ချက်လုပ်နိုင်ခြင်းနှင့် JV စနစ် ဖက်စပ်လုပ်ငန်းများထူထောင်ခြင်းကို စီစဉ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ထိုသို့ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်သွားခြင်းနှင့်အတူ ရေနံချက်စက်ရုံများ အဆင့်မြှင့်တင်ခြင်း၊ JV စနစ်ဖြင့် ဆောင်ရွက်ခြင်းတို့ဖြင့် အနာဂတ်စွမ်းအင်လုံခြုံရေးကို အထောက်အကူပြုလုပ်ငန်းစဉ်များအဖြစ် စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စွမ်းအင်ကဏ္ဍအသီးသီးအတွက် အနာဂတ်စွမ်းအင်လုံခြုံရေးနှင့်ဆက်စပ်ပြီး လျှပ်စစ်စွမ်းအင်ကဏ္ဍမှာ လက်ရှိအခြေအနေမှာ လျှပ်စစ်စွမ်းအင်တိုးတက်ရရှိနိုင်ရေးအတွက် စွမ်းအင်ဝန်ကြီးဌာန ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ကွက်များမှ ထုတ်လုပ်ရရှိတဲ့သဘာဝဓာတ်ငွေ့များကို သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများကို ဦးစားပေးပြီးတော့ အသုံးပြုဆောင်ရွက်လျက်ရှိပါတယ်။ စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲခြင်းနှင့် ချွေတာခြင်းသည်ဟာလည်း အနာဂတ်စွမ်းအင်လုံခြုံမှုရှိရေးမှာ အဓိကကျတဲ့အတွက်ကြောင့် ရေနံ၊

သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးအစရှိတဲ့ ကုန်ဆုံးသွားနိုင်တဲ့ အရင်းအမြစ်များမှ စွမ်းအင်ရရှိသုံးစွဲခြင်းကို စနစ်တကျလည်း စီမံခန့်ခွဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မြန်မာနိုင်ငံမှာ တွေ့ရှိတိုင်းတာထားပြီးဖြစ်တဲ့ ရေအရင်းအမြစ် မဂ္ဂါဝပ် ၄၆၀၀၀ ကျော်မှ ရေအားလျှပ်စစ်စီမံကိန်းများကို အနာဂတ်စွမ်းအင်ဖူလုံစေရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့်လည်း သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်စေမယ့် စီမံကိန်းများကို ပြည်တွင်းလျှပ်စစ်ဓာတ်အား ဖူလုံမှုရှိစေရေး အဓိကထား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပြည်ပမှလောင်စာဆီ တင်သွင်းနေရမှုကို လျော့ချဖို့အတွက် နေစွမ်းအင်၊ လေစွမ်းအင်၊ ရေစွမ်းအင်၊ ဇီဝဒြပ်ထုစတဲ့ ပြန်ပြည့်မြဲစွမ်းအင်သယံဇာတများကို စွမ်းအင်ပေါင်းစပ်သုံးစွဲမှု အချိုးအစား Energy Mix အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအတွက် ပြည်တွင်းနှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ၊ အကူအညီအထောက်အပံ့များ ဖိတ်ခေါ်ဆောင်ရွက်လျက် ကျေးလက်ဒေသများကိုပါ လျှပ်စစ်မီးရရှိစေပြီး ဖွံ့ဖြိုးတိုးတက်ရန် အားပေးမြှင့်တင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တစ်ပိုင်တစ်နိုင် လျှပ်စစ်ဓာတ်အားထုတ်စနစ် Bio Gas, Biomass အပါအဝင် Renewable Energy ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိပ္ပံနည်းပညာဝန်ကြီးဌာနမှ Focal Ministry အဖြစ် ဦးဆောင်ပြီးတော့ နည်းပညာပံ့ပိုးမှု၊ ကူညီမှုများကို အထောက်အပံ့ပြုပြီး Biogas ထုတ်ယူတဲ့ Bio Digester များတည်ဆောက်ခြင်း၊ ဇီဝဒြပ်ထု ထုတ်ယူနိုင်တဲ့ စွမ်းအင်စိုက်ခင်း (Energy Plantation) များကို ပြည်တွင်းပြည်ပ၊ ပုဂ္ဂလိကအပိုင်းမှ ပါဝင်စိုက်ပျိုးစေခြင်း၊ Bio Gasifier များတည်ဆောက်ခြင်းတို့ကို ပြည်နယ်/တိုင်းဒေသကြီးအလိုက် အားပေးကာ စီမံဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်မှလည်း စွမ်းအင်နှင့် လျှပ်စစ်ကဏ္ဍ လိုအပ်ချက်များကို ဖြည့်ဆည်းရန် အနာဂတ်စွမ်းအင်လုံခြုံရေးအတွက် မူဝါဒများချမှတ်ရေးဆွဲရန်အတွက် အမျိုးသားစွမ်းအင် စီမံခန့်ခွဲမှုကော်မတီနှင့် စွမ်းအင်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့ကို ၉-၁-၂၀၁၃ ရက်နေ့မှာ ဖွဲ့စည်းခဲ့ပါတယ်။ အခုအခါမှာ အမျိုးသားစွမ်းအင် စီမံခန့်ခွဲမှုကော်မတီဟာ စွမ်းအင်ကဏ္ဍအားလုံးကို လွှမ်းခြုံနိုင်မယ့် အမျိုးသားစွမ်းအင်မူဝါဒ ၉ ချက်ကို ချက်မှတ်ရေးဆွဲထားပြီးတော့ ထုတ်ပြန်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ အမျိုးသား

စွမ်းအင်မူဝါဒ ၉ ချက်မှာ မြန်မာနိုင်ငံရဲ့ အနာဂတ်စွမ်းအင်လုံခြုံရေးနဲ့ သက်ဆိုင်တဲ့ မူဝါဒ ၅ ချက်ကိုလည်း ထည့်သွင်းချမှတ်ထားပါတယ်။ ၎င်းတို့မှာ (က) မြန်မာနိုင်ငံတွင် လက်တွေ့အသုံးပြုရန် အလားအလာကောင်းတဲ့ စွမ်းအင်သယံဇာတအရင်းအမြစ်များကို သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်သက်ရောက်မှုအနည်းဆုံးဖြင့် သိပ္ပံနည်းကျလက်တွေ့ ရှာဖွေဖော်ထုတ်အသုံးပြုရန်နှင့် စနစ်တကျလေ့လာသိရှိသော ခိုင်မာသည့်အချက်အလက်များကို အခြေခံပြီး တိုင်းပြည်၏ ရေတို၊ ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစိတ်စီမံချက် ချမှတ်ဆောင်ရွက်ရန်၊ (ခ) စွမ်းအင်ကဏ္ဍအသီးသီး၏ ပြည်တွင်းလိုအပ်ချက်နှင့် ထုတ်လုပ်ဖြည့်ဆည်းနိုင်မှုပမာဏ အမှန်ကိန်းဂဏန်းရရှိရေးဆောင်ရွက်ရန်၊ (ဂ) ရှာဖွေတွေ့ရှိသည့် စွမ်းအင်သယံဇာတများကို ထွက်ရှိရာဒေသအပါအဝင် ပြည်သူထုထုတစ်ရပ်လုံး အချိုးကျ ရရှိသုံးစွဲမှုဖြစ်စေရေး ဆောင်ရွက်ရန်၊ (ဃ) မြန်မာနိုင်ငံစွမ်းအင်ကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး (Sustainable Ener gy Development) အတွက် ပြန်ပြည့်မြဲစွမ်းအင်ဖြစ်တဲ့ လေ၊ နေ၊ ရေအား၊ ဘူမိအပူနှင့် ဇီဝစွမ်းအင်စတဲ့ Renewable Ener gy အမျိုးအစားများကို ကျယ်ကျယ်ပြန့်ပြန့်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊ (င) စွမ်းအင်အသုံးပြုစွမ်းရည် တိုးမြှင့်လာစေရေးနှင့် စွမ်းအင်ချွေတာရေးတို့ကို မြှင့်တင်ဆောင်ရွက်ရန် စသည့်အချက်များ ဖြစ်ပါတယ်။

ချမှတ်ထားတဲ့ အမျိုးသားစွမ်းအင်မူဝါဒများအလိုက် ဆက်လက်ပြီးတော့ စွမ်းအင်ကဏ္ဍအသီးသီးအပေါ်မှာ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ အခုအခါမှာ အာရှဖွံ့ဖြိုးရေးဘဏ် ADB ရဲ့အကူအညီဖြင့် ကာလရှည်စွမ်းအင်ဆိုင်ရာ ပင်မစီမံချက် (Long Term Ener gy Master Plan) နှင့် စွမ်းအင်မူဝါဒဆိုင်ရာပူးပေါင်းဆောင်ရွက်ခြင်း (Coordination for Ener gy Policy) ကို ဆက်လက်ရေးဆွဲပြုစုလျက်ရှိပြီး နိုင်ငံတော်ရဲ့ လုံခြုံရေးနဲ့ စီးပွားရေးတည်ငြိမ်မှုကို အထောက်အကူပြုစေမယ့် အစီအမံတစ်ရပ်အနေနဲ့ အရန်စက်သုံးဆီပမာဏများကိုလည်း စနစ်တကျစုဆောင်ထားရှိပါကြောင်း အနာဂတ်စွမ်းအင်လုံခြုံရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အခြေခံအဆင့်နှင့် အဆင့်မြင့်ပညာတက္ကသိုလ်များတွင် Logic(ယုတ္တိဗေဒ)နှင့် Ethics(ကိုယ်ကျင့်တရား) ပညာကိုသင်ကြားပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်ဒွဲဘူ၊ အင်ဂျန်းယန်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဒေါ်ဒွဲဘူ(အင်ဂျန်းယန်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ယနေ့အစည်းအဝေးတတ်ရောက်လာသူများအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ကချင်ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မအနေနဲ့ ပညာရေးနဲ့သက်ဆိုင်တဲ့ မေးခွန်းတစ်ခုကို မေးမြန်းလိုပါတယ်။ ယနေ့ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတည်ဆောက်တဲ့အခါမှာ နိုင်ငံသားတစ်ဦးချင်းစီမှာ အဓိကအားဖြင့် ကိုယ်ကျင့်တရား ကောင်းမွန်ဖို့လိုအပ်ပါတယ်။ ကိုယ်ကျင့်တရားကောင်းပါမှ စည်းကမ်းသိတဲ့ တာဝန်သိတဲ့ တာဝန်ယူတတ်သူများ ပေါ်ထွန်းလာမှာ ဖြစ်ပါတယ်။ အဲ့လိုပေါ်ထွန်းလာဖို့အတွက် အခြေခံကစပြီး ပြုစုပျိုးထောင်လေ့ကျင့်ပေးဖို့ လိုအပ်ပါတယ်။ အခြေခံကရရှိတဲ့ အသိတရားကနေပြီးမှ အဆင့်မြင့်ပညာ ဆည်းပူးလေ့လာတဲ့အခါမှာ ပိုပြီးမှ ခိုင်မာရှင်သန်လာမှာ ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံ တိုးတက်ဖွံ့ဖြိုးဖို့၊ စည်းကမ်းရှိလာနိုင်ဖို့အတွက် နိုင်ငံသားတစ်ဦးစီရဲ့ စိတ်နေစိတ်ထားကို ပြုပြင်ပြောင်းလဲလေ့ကျင့်ပျိုးထောင်ပေးရန်လိုအပ်ပါတယ်။ တွေးခေါ်မြော်မြင်မှုမှန်ကန်ပြီး အတွေးကောင်းပါမှ အလုပ်ကောင်းတွေ ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ အဲ့လိုအလုပ်ကောင်းများပေါ်ထွက်လာဖို့အတွက် အခြေခံကနေစမှ ဒဿနိကဘာသာရပ်ကို သိပ္ပံနဲ့ ဝိဇ္ဇာဘာသာရပ်များမှာ မသင်မနေရဘာသာအဖြစ် စတင်သင်ကြားဖို့အတွက် လိုအပ်နေကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒဿနိကဆိုတဲ့အခါမှာလည်း Logic (ယုတ္တိဗေဒ)နှင့် Ethics (ကိုယ်ကျင့်တရား)ပညာကို သင်ကြားပေးဖို့ဖြစ်ပါတယ်။ Logic(ယုတ္တိဗေဒ)ကို သင်ကြားရခြင်းနှင့် ရရှိလာမယ့် အကျိုးရလဒ်တွေကတော့ အရာရာကို ယုတ္တိရှိစွာ တွေးတောဆင်ခြင်တတ်လာခြင်း၊ အကျိုးနဲ့ အကြောင်းကို ခွဲခြားသိတတ်လာခြင်း၊ ပြဿနာများ၊ ပဋိပက္ခများ မဖြစ်ပေါ်ခင်ကတည်းက ကြိုတင်ခန့်မှန်းကြံဆထားနိုင်ခြင်း၊ ရှုထောင့်အမျိုးမျိုးမှ ရှုမြင်ခြင်းတို့ ဖြစ်ပါတယ်။ ကြိုတင်ခန့်မှန်းနိုင်ခြင်းဖြင့် ပြဿနာပဋိပက္ခတွေ မဖြစ်ခင်ကတည်းက ကြိုတင်စီမံထားနိုင်ပါတယ်။ Ethics (ကိုယ်ကျင့်တရား)ပညာကို သင်ကြားရခြင်းအားဖြင့် ရရှိလာမယ့် အကျိုးရလဒ်များကတော့ အတ္တဟိတနဲ့ ပရဟိတတို့ကို ညီညွတ်မျှတအောင် ချင့်ချိန်နိုင်ခြင်း၊ ဖြစ်ခြင်းနှင့် ဖြစ်သင့်ခြင်း၊ ရှိခြင်းနှင့် ရှိသင့်ခြင်းတို့ကို နားလည်သဘောပေါက်လာနိုင်ပြီး တာဝန်ယူလိုတဲ့ အသိစိတ်ဓာတ်ရှိလာမယ်။ တာဝန်ယူတတ်လာခြင်းတို့ ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံကို တည်ဆောက်တဲ့အခါမှာ နိုင်ငံမှာရှိတဲ့ သယံဇာတတွင်းထွက်ပစ္စည်း၊ တောတောင်/သစ်တောစတဲ့အရာဖြင့် တည်ဆောက်ခြင်း မဟုတ်ပါဘူး။ သက်ရှိနိုင်ငံသားများအဖြစ်သာ တည်ဆောက်ထားခြင်း ဖြစ်ပါတယ်။

**မူကြမ်း**

သို့ပါ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံကြီးတည်ဆောက်ရာတွင် တာဝန်သိ၍ တာဝန်ယူတတ်သော အတ္တနှင့်ပရကို မျှတစွာကျင့်သုံးတတ်သော နိုင်ငံသားများ ပေါ်ထွက်လာရန်၊ အခြေခံအဆင့်နဲ့ အဆင့်မြင့်ပညာတက္ကသိုလ်များတွင် ဒဿနိကဘာသာရပ်ဖြစ်တဲ့ Logic (ယုတ္တိဗေဒ) နှင့် Ethics(ကိုယ်ကျင့်တရား) ပညာကို မသင်မနေရဘာသာရပ်အဖြစ် သင်ကြားပေးရန် အစီအစဉ် ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဦးသန့်ရှင်းမှ အင်ဂျန်းယန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ဒွဲဘူရဲ့ မေးခွန်းကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံ့သားကောင်းများပေါ်ထွက်လာအောင် ပြုစုပျိုးထောင်လေ့ကျင့်သင်ကြားပေးရေးသည် အဓိကရည်မှန်းချက်ဖြစ်ပါတယ်။ အဆိုပါ ရည်မှန်းချက် အတိုင်း အခြေခံပညာကဏ္ဍတွင် နိုင်ငံသားကောင်းတစ်ယောက်အနေဖြင့် ရရှိရမည့် အခွင့်အရေး၊ တာဝန်များ၊ တာဝန်သိမှု၊ တာဝန်ယူတတ်မှု၊ အတ္တနှင့်ပရကို မျှတအောင်ကျင့်သုံး တတ်မှုရှိစေရန် အတွက် သင်ရိုးညွှန်းတမ်းတွင် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်၊ စာရိတ္တနှင့် လောကနီတိ ဘာသာရပ်နှင့် ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်များကို ထည့်သွင်းရေးဆွဲ သင်ကြားပေးလျက် ရှိပါတယ်။ အခြေခံပညာအဆင့်၌ စာရိတ္တနှင့် ပြည်သူ့နီတိသည် မူလတန်းအောက်အဆင့်တွင် သင်ရိုးဝင် အထွေထွေဘာသာရပ်၌ပါဝင်ပြီး မူလတန်းအထက်ဆင့်တွင် လူမှုရေးဘာသာရပ်၌ ပါဝင်ပါတယ်။ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် စာရိတ္တနှင့် လောကနီတိဘာသာရပ်တွင် လူ့အခွင့်အလမ်းပညာရေးသင်ခန်းစာများကို ၂၀၀၄-၂၀၀၅ ပညာသင်နှစ်မှစတင်၍ ထည့်သွင်းသင်ကြားပေး လျက်ရှိသည့်အပြင် ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်ကို ၂၀၀၀-၂၀၀၁ ပညာသင်နှစ်မှ စတင် ၍ သင်ကြားပေးခဲ့ပါတယ်။ ဘဝတွက်တာကျွမ်းကျင်စရာဆိုသည်မှာ လူမှုဘဝတွင် ရင်ဆိုင်ကြုံတွေ့

ရမည့် ပြဿနာအမျိုးမျိုးကို အပြုသဘောဆောင်သော အတွေးအခေါ်များဖြင့် မှန်မှန်ကန်ကန် စဉ်းစားဆုံးဖြတ်လုပ်ကိုင်တတ်သော လူမှုစိတ်ပိုင်းဆိုင်ရာ အခြေခံကျွမ်းကျင်မှုအရည်အချင်းများ ဖြစ်ပါတယ်။ ယခုအခါ အခြေခံပညာကျောင်းတိုင်းတွင် ကျောင်းကောင်စီများ ဖွဲ့စည်းပေးထားပါတယ်။ ကျောင်းသူ/ကျောင်းသားတိုင်းဟာ ကျောင်းကောင်စီအဖွဲ့ဝင်များဖြစ်ပြီး နေ့စဉ်ကျောင်းဖွင့်ရက်များတွင် ကျောင်းလုပ်ငန်းများကို တာဝန်ခွဲဝေဆောင်ရွက်စေခြင်းဖြင့် မူလတန်းကျောင်းသားဘဝမှ စတင်ကာ တာဝန်သိ၍ တာဝန်ယူတတ်သော အလေ့အကျင့်ကောင်းများရရှိအောင် ပြုစုပေးလျက်ရှိပါတယ်။ ၎င်းအပြင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစ၍ ကင်းထောက်အဖွဲ့များ ပြန်လည်ဖွဲ့စည်းခဲ့ပြီး အသက်အရွယ်အလိုက် သူတစ်ပါးကို ကိုယ်ချင်းစာနာစိတ်ဖြင့် ကူညီပေးရန် အစဉ်အသင့်ရှိနေသော လူငယ်များဖြစ်အောင် ပြုစုပျိုးထောင်ပေးလျက်ရှိပါတယ်။ အခြေခံပညာကဏ္ဍတွင် အခုလက်ရှိသင်ကြားပေးနေသော စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်၊ စာရိတ္တနှင့် လောကနီတိဘာသာရပ်သည် ကိုယ်ကျင့်တရား (Ethics) ကို တိုက်ရိုက်သင်ကြားပေးသည့် ဘာသာရပ်များဖြစ်သည့်အပြင် ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်သည် ကလေးများ၏ ကျိုးကြောင်းဆင်ခြင်နိုင်စွမ်း၊ အမှား/အမှန်ဆုံးဖြတ်နိုင်စွမ်း၊ အရာရာကို ယုတ္တိရှိစွာတွေးခေါ်နိုင်စွမ်း၊ ပြဿနာဖြေရှင်းနိုင်စွမ်းများကို လေ့ကျင့်ပျိုးထောင်ပေးသည့် ဘာသာရပ်များ (Logic) ဖြစ်ပါတယ်။ Logic ယုတ္တိဗေဒနှင့် Ethics ကိုယ်ကျင့်တရားဟု ဘာသာရပ်အမည်မတပ်ထားသည်မှလွဲ၍ လက်တွေ့သင်ကြားပေးလျက်ရှိပါတယ်။

အဆင့်မြင့်ပညာအဆင့်၌လည်း ဒဿနိကဗေဒဘာသာရပ်ကို ဘွဲ့ကြိုနှင့် ဘွဲ့လွန်၊ မဟာဝိဇ္ဇာပထမနှစ် ဒဿနိကဗေဒဘာသာရပ်အထူးပြုသင်တန်းများအတွက် အထူးပြုဘာသာရပ်အနေဖြင့်လည်းကောင်း၊ ပထမနှစ်ဝိဇ္ဇာဘာသာအထူးပြုသင်တန်းသားများအတွက် လက်တွေ့အသုံးချ ယုတ္တိဗေဒနှင့် မြန်မာ့လူ့အဖွဲ့အစည်းများမှ ကိုယ်ကျင့်တရားဆိုင်ရာတန်ဖိုးများဘာသာရပ်တို့ကို ကြိုက်ရာရွေးချယ်ပြီး အထောက်အကူပြုဘာသာရပ်အဖြစ်လည်းကောင်း၊ ပထမနှစ်သင်္ချာအထူးပြုသိပ္ပံသင်တန်းသားများအတွက် သင်္ချာယုတ္တိဗေဒကို အထောက်အကူပြုဘာသာရပ်အဖြစ်လည်းကောင်း၊ ပထမနှစ် စာကြည့်တိုက်နှင့် သုတပညာဘာသာရပ်များအတွက် မြန်မာ့လူ့အဖွဲ့အစည်းမှ ကိုယ်ကျင့်တရားဆိုင်ရာ တန်ဖိုးများဘာသာရပ်ကို အထူးပြုဘာသာရပ်အဖြစ်လည်းကောင်း၊ ဒုတိယနှစ် ဝိဇ္ဇာအထူးပြုသင်တန်းသားများအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကိုယ်ကျင့်တရားပညာကို အထောက်အကူပြုဘာသာရပ်အဖြစ်လည်းကောင်း၊ ဒုတိယနှစ်(ပထမနှစ်ဝက်) နိုင်ငံခြားဘာသာတက္ကသိုလ်(ကိုရီးယား၊ ဂျပန်နှင့် တရုတ်စာ) အထူးပြုဘာသာရပ်သင်တန်းသားများအတွက် ယုတ္တိ

နည်းကျဆင်ခြင်မှုစည်းမျဉ်းများနှင့် အရှေ့တိုင်းဒဿနများကို အထောက်အကူပြုဘာသာရပ်အဖြစ်လည်းကောင်း၊ ဂျာမန်၊ ရုရှား၊ ပြင်သစ်နှင့် အင်္ဂလိပ်စာအထူးပြုဘာသာရပ်များအတွက် ယုတ္တိနည်းကျဆင်ခြင်မှုစည်းမျဉ်းများနှင့် အနောက်တိုင်းဒဿနများကို အထောက်အကူပြုဘာသာရပ်အဖြစ်လည်းကောင်း သင်ကြားပေးလျက်ရှိသည့်အပြင် အဝေးသင်တက္ကသိုလ်များတွင်လည်း ဒဿနိကဘာသာရပ်ကို အထူးပြုဘာသာရပ်အနေဖြင့်လည်းကောင်း၊ မြန်မာစာ၊ သမိုင်း၊ စိတ်ပညာနှင့် အင်္ဂလိပ်စာ ဘာသာရပ်များတွင် အထောက်အကူပြုဘာသာရပ်အနေဖြင့်လည်းကောင်း သင်ကြားပေးလျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒေါ်ဒွဲဘူ(အင်ဂျန်းယန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးရှင့်။ ယခုလို ရှင်းလင်းပေးတဲ့အတွက် ဒုတိယဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ကျွန်မတို့ အောက်ခြေမှာ လေ့လာသိရှိရတာကို အနည်းငယ်တင်ပြလိုပါတယ်။ ဒါကတော့ အရင်တုန်းက ကျွန်မတို့ တက္ကသိုလ်တုန်းကတော့ ဒီဘာသာရပ်ကို ကျွန်မတို့က ပထမနှစ်နဲ့ ဒုတိယနှစ်မှာ မသင်မနေရဘာသာအဖြစ် သင်ကြားခဲ့တဲ့အတွက် လက်တွေ့လုပ်ငန်းဆောင်ရွက်တဲ့အခါမှာ အင်မတန်အကျိုးရှိပါတယ်။ ဒီနေ့ခေတ်ကာလမှာတော့ ဝိဇ္ဇာဘာသာရပ်မှာ ဒီကဏ္ဍကို စိတ်ကြိုက်ဘာသာရပ်အဖြစ် ယူခွင့်ရှိပါတယ်။ သိပ္ပံဘာသာမှာတော့ သင်္ချာမှာစိတ်ကြိုက်ဘာသာအဖြစ် ယူခွင့်ရှိပါတယ်။ မသင်မနေရ ဘာသာအဖြစ်ကတော့ မြန်မာ့ရေးရာဘာသာရပ်ကို သင်ကြားလျက်ရှိတယ်ဆိုတာ သိရှိရပါတယ်။ အဲ့ဒီတော့ ဒီဘာသာရပ်မှာဆိုလို့ရှိရင် ကျောင်းသားတွေဟာ စိတ်ကြိုက်ဘာသာရပ်ဖြစ်တဲ့အတွက် တော်ရုံတန်ရုံမယူကြဘူးဆိုတာ သိရှိရပါတယ်။ အဲ့ဒါကြောင့် ဒီဘာသာရပ်ကို ကျွန်မတို့ ဒီမြန်မာ့ရေးရာဘာသာရပ်လိုပဲ ဒီပထမနှစ်၊ ဒုတိယနှစ်များမှာ မသင်မနေရဘာသာရပ်အဖြစ် သင်ကြားပေးမယ်ဆိုရင်တော့ အင်မတန်ကောင်းမွန်မယ့်အစီအစဉ်ဖြစ်ကြောင်း ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ကျွန်မအနေနဲ့ လက်ရှိအနေအထားကို တင်ပြလိုခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ရှိက ဖြေကြားပေးပါ။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ယခု ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ပြည်ထောင်စုဝန်ကြီးနဲ့ ဒုတိယဝန်ကြီးဟာ ဒီပညာရေးမြှင့်တင်ဖို့အတွက်ကို Seminar များ၊ အလုပ်ရုံ

ဆွေးနွေးပွဲများ ဆောင်ရွက်လျက်ရှိပါတယ်။ အဲ့ဒီမှာ ထည့်သွင်းစဉ်းစားတဲ့အချက်မှာ ဒီအဖွဲ့အစည်းတွေကနေပြီးတော့ တင်ပြလို့ ဒီဥပဒေ၊ နည်းဥပဒေတွေထဲမှာ ပါလာမယ်ဆိုရင်တော့ ဒီကိစ္စဖြစ်မြောက်သွားမယ်လို့ ကျွန်တော်ထင်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့် ယခုအင်ဂျန်းယန်မဲဆန္ဒနယ်က ဒေါ်ဒွဲဘူရဲ့မေးခွန်း၊ ထပ်ဆင့်မေးခွန်းတွေကို ယနေ့တက်ရောက်လာတဲ့ ဒုတိယဝန်ကြီးကတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနဲ့ ဆွေးနွေးပွဲတွေကျင်းပနေတဲ့ ဒုတိယဝန်ကြီးဆီကို ဒီအခြေအနေကို လှမ်းပြီးတော့ သတင်းပို့၊ သတင်းပေးမယ်ဆိုလို့ရှိရင် ပိုပြီးကျယ်ကျယ်ပြန့်ပြန့် စဉ်းစားနိုင်မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော့် အကြံပြုချက်ကတော့ အခုမေးခွန်း၊ အဖြေ၊ ထပ်ဆင့်မေးခွန်းနဲ့ ဒုတိယဝန်ကြီးရဲ့ ဖြေကြားချက်တွေကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးနဲ့ အဖွဲ့ဆီကို ပို့ပေးမယ်ဆိုလို့ရှိရင်တော့ ခုနက စဉ်းစားတဲ့နေရာမှာ အားလုံးကျယ်ကျယ်ပြန့်ပြန့် ခြုံငုံပြီး စဉ်းစားနိုင်မယ့်အနေအထားရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၀း၅၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**[အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။]**

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ရေကြည်မြို့နယ်၊ ကညင်ငူ-နွားရေတိုက်-ငါးတဲစု ကျေးရွာချင်းဆက် မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဦးမောင်မောင်တင်၊ ရေကြည်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်တင်(ရေကြည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်တင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်ရှိ ကညင်ငူ-နွားရေတိုက်-ငါးတဲစု ကျေးရွာချင်းဆက် မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် ခွင့်ပြုချထားပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်းပြီး မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်ရှိ ကညင်ငူ-နွားရေတိုက်-ငါးတဲစု ကျေးရွာအုပ်စုများသို့ ဆက်သွယ်ထားသောလမ်းဟာ မြေသားလမ်းဖြစ်ပြီး ၁၄၃၁၀ ပေ ရှည်လျားပါတယ်။ အဆိုပါလမ်းအား ဝေန်မြစ်ရဲ့ အနောက်ဘက်တွင် ကျေးရွာကိုးအုပ်စုဖြစ်သော ညောင်မှော်၊ ကွင်းပေါက်၊ ကမ်းနီ၊ ကြို့ကုန်းမြောက်၊ ချင်းကွင်း၊ ဖလန်ရေယာဉ်၊ ကွင်းကြီးသဘော၊ ကွင်းလျား၊ နှောကုန်းကျေးရွာအုပ်စုနဲ့ အရှေ့ဘက်တွင် ကျေးရွာခြောက်အုပ်စုဖြစ်သော မကျည်လဟာ၊ ကွင်းကြီး၊ ပန်းဇံကွင်း၊ ကညင်ငူ၊ နွားရေတိုက်၊ ဖက်သလက်ကျေးရွာအုပ်စု စုစုပေါင်း ၁၅ အုပ်စုမှ ပြည်သူများ အားကိုးအားထားပြုသွားလာနေရသောလမ်းဖြစ်ပါတယ်။ မြေသားလမ်းဖြစ်ခြင်းကြောင့် မိုးတွင်းကာလမှာ သွားလာရေးနှင့် သီးနှံထုတ်ကုန်များ သယ်ယူပို့ဆောင်ရေးတို့မှာ အခက်အခဲများစွာ ကြုံတွေ့နေရပါတယ်။ ကညင်ငူ-နွားရေတိုက်-ငါးတဲစု ကျေးရွာချင်းဆက်လမ်းအား ရာသီမရွေးသွားလာနိုင်တဲ့ ကျောက်ချောလမ်းအဖြစ်သို့ မြှင့်တင်ဆောင်ရွက်ပေးမည်ဆိုပါက ကျေးရွာ ၁၅ ရွာ၊ အိမ်ထောင်စု ၆၁၆၄ စုနှင့် လူဦးရေ ၂၅၅၁၁ ဦးတို့ကို အကျိုးပြုမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကညင်ငူ-နွားရေတိုက်-ငါးတဲစု ကျေးရွာချင်းဆက်မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် ခွင့်ပြုချထားပေးရန် အစီအစဉ်ရှိ/မရှိ ကိုသိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**

။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေမှ ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်တင်၏မေးခွန်းနှင့်ပတ်သက်၍ တင်ပြမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ် ကညင်ငူ-နွားရေတိုက်-ငါးတဲစု ကျေးရွာချင်းဆက် မြေသားလမ်းဟာ ၂ မိုင်နဲ့ ၆ ဖာလုံရှိပါတယ်။ ကျေးရွာ ၈၃ ရွာရှိပြီးတော့ လူဦးရေ ၂၅၅၁၁ ဦးရှိပါတယ်။ အဆိုပါလမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်မယ်ဆိုလို့ရှိရင် ခန့်မှန်းကုန်ကျငွေ ၁၄၉ သန်းကုန်ကျမယ်လို့ ခန့်မှန်းရရှိပါတယ်။ ဧရာဝတီတိုင်းဒေသကြီး တစ်တိုင်းလုံးအနေနဲ့ ယခုနှစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ ၂၃.၃၄၉ ဘီလီယံကျပ် ကတ္တရာလမ်းပေါင်း ၂၂ မိုင် ၆ ဖာလုံ၊ ကျောက်လမ်း ၂၆၆ မိုင် ၇ ဖာလုံ၊ မြေသားလမ်း ၁၄၂ မိုင် ၄ ဖာလုံ၊ ကွန်ကရစ်လမ်း ၂၁၉၃ ပေ၊ သစ်သားတံတား ၈၅၆၄ ပေနှင့် ရေပြွန် ၂၈၅၈ ပေတို့ ဆောင်ရွက်ခွင့်ပြုထားပြီးဖြစ်ပါတယ်။

ရေကြည်မြို့နယ်အနေနဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ၁.၁၆၀ ဘီလီယံ ကျောက်ချောလမ်း ၁၃ မိုင် ၇ ဖာလုံ၊ ကွန်ကရစ်လမ်း ၃၆၀ ပေခွင့်ပြုထားပြီးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ရေကြည်မြို့နယ် ကညင်ငူ-နွားရေတိုက်-ငါးတဲစု ကျေးရွာချင်းဆက် ကျောက်ချော လမ်းခွင့်ပြုဆောက်လုပ်ရေးနှင့်ပတ်သက်လို့ ကျွန်တော်တို့ ယခုနှစ်မှာလည်း ရေကြည်မြို့နယ် ခုနကတင်ပြတဲ့ ကညင်ငူ-နွားရေတိုက်နဲ့ ဆက်စပ်တဲ့လမ်းရှိပါတယ်။ အဲဒီလမ်းကို ကျွန်တော်တို့ ဒီနှစ် ၂ မိုင် ၁၃၉.၇ သန်း၊ ကျောက်လမ်း ၂ မိုင်၊ ချောင်းဖျား-ဖက်သလက်-နွားရေတိုက်တို့နှင့် ဆက်စပ်တဲ့ အဲဒီလမ်းကိုလည်း ဒီနှစ်ခွင့်ပြုထားပါတယ်။ ဒါကြောင့်မို့လို့ ခုနက တင်ပြတဲ့လမ်းနဲ့ ပတ်သက်လို့ ကညင်ငူ-နွားရေတိုက်-ငါးတဲစု မြေသားလမ်း ၂ မိုင်ကို ကျောက်ချောလမ်း အဆင့်မြှင့်တင်ခြင်းနှင့်ပတ်သက်၍ ဒီနှစ် ၂၀၁၄-၂၀၁၅ မှာ ခွင့်ပြုထားခြင်း မရှိသေးပါကြောင်း ကျွန်တော့်

အနေနဲ့ တင်ပြအပ်ပါတယ်။ လာမယ့်နှစ်မှာတော့ ကျွန်တော်တို့ ဦးစားပေးအစီအစဉ်အတိုင်း ကျွန်တော်တို့ တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ပူတာအိုမြို့ပေါ်နှင့် နမ်ထွမ်ခူးကျေးရွာအုပ်စုတို့ ဆက်သွယ်ထားသော လမ်းနှင့်တံတားများကို ရာသီမရွေးသွားလာနိုင်ရန် ဆောင်ရွက်ပေးမည့် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးယော်ဒီဒွေ့၊ ပူတာအိုမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးယော်ဒီဒွေ့(ပူတာအိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ပူတာအိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းတစ်ခုမေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပူတာအိုမြို့ပေါ်နှင့် နမ်ထွမ်ခူးကျေးရွာအုပ်စုဆက်သွယ်ထားသော လမ်း ၁၄ မိုင်ခရီးမှာ ဒေသခံပြည်သူများက ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဖောက်လုပ်ထားသောမြေသားလမ်းဖြစ်ပြီး ပွင့်လင်းရာသီချိန်တွင် ဆိုင်ကယ်နှင့်နွားလှည်းများသွားလာနိုင်သော်လည်း မိုးတွင်းကာလတွင် မိုးများခြင်းကြောင့် မြေပြိုပြီးလမ်းပိတ်ခြင်း၊ ကျွဲ၊ နွားတိရစ္ဆာန်များသွားလာခြင်းကြောင့် လမ်းများပျက်စီးခြင်း နှစ်စဉ်ကြုံတွေ့လျက်ရှိပါတယ်။ နမ်ထွမ်ခူးကျေးရွာအုပ်စုမှ ဒေသခံပြည်သူများနှင့် ကျောင်းသူကျောင်းသားများ၊ နိုင်ငံ့ဝန်ထမ်းများ ဤခက်ခဲကြမ်းတမ်းသော လမ်းခရီး ၁၄ မိုင်ကို နေ့စဉ်နှင့်အမျှ သွားလာနေရပါတယ်။ ခေတ်အဆက်ဆက် တာဝန်ရှိပုဂ္ဂိုလ်များ လာရောက်ကြည့်ရှုပေးခြင်းမရှိခြင်းကြောင့် ယနေ့ထက်ထိ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ ဒေသဖွံ့ဖြိုးရေးနောက်ကျခြင်း၊ လူနေမှုဘဝနိမ့်ကျခြင်းနှင့် ပညာရေး၊ ကျန်းမာရေး ကဏ္ဍပြည့်စုံမှုမရှိခြင်းစတဲ့ အခက်အခဲများကြုံတွေ့နေရသည့် ကျေးရွာအုပ်စုတစ်စုဖြစ်ပါတယ်။ ဌာနများမှ နိုင်ငံ့ဝန်ထမ်းများသည် မိမိတို့ဌာနကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများသို့ သွားရောက်ရမည်ဆိုပါက ပွင့်လင်းရာသီချိန်တွင် သွားရောက်ရန် သွားလာရေးခက်ခဲမှုမရှိသော်လည်း မိုးတွင်းကာလတွင် မိုးများပြီး ချောင်းများရေကြီးခြင်းကြောင့် သွားလာရေးခက်ခဲမှုများစွာရှိပါတယ်။ နမ်ထွမ်ခူးကျေးရွာအုပ်စုသည် မြို့ပေါ်မှ ၁၄ မိုင်ဝေးခြင်းကြောင့် အရေးပေါ်လူနာများ၊ မွေးလူနာများ၊ ကျန်းမာရေးဌာနခွဲအဆင့်နှင့် ကုသပေးနိုင်ခြင်းမရှိတဲ့ လူနာများအား အချိန်မီ မြို့ပေါ်ဆေးရုံကြီးသို့ ပို့ဆောင်ပေးနိုင်ခြင်းမရှိတဲ့ အခက်အခဲများကြောင့် အသက်မသေသင့်ဘဲ သေဆုံးခဲ့ရခြင်း နှစ်စဉ်ကြုံတွေ့ခဲ့ရပါတယ်။ နမ်ထွမ်ခူးကျေးရွာ

အုပ်စုသည် ပူတာအိုမြို့ရဲ့ အနောက်ဘက်မှာတည်ရှိပြီး အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ထိစပ်လျက်ရှိရာ အိန္ဒိယနိုင်ငံသို့ ဝင်/ထွက်သွားလာနိုင်သော လူသွားလမ်းများရှိနေခြင်းကြောင့် ပူတာအိုမြို့နယ် အတွက် နမ်ထွမ်ခူးကျေးရွာအုပ်စုသည် နယ်မြေလုံခြုံရေးအရ အထူးအရေးပါသော ဒေသတစ်ခုဖြစ် ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရမှ နမ်ထွမ်ခူးလမ်းနှင့် တံတားများကို ရာသီမရွေးသွားလာနိုင်ရန် ဆောင်ရွက်ပေးမည့်အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးသွား မည်။ အစီအစဉ်မရှိပါက အဘယ်ကြောင့် မလုပ်ပေးနိုင်ကြောင်း သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်။

**ဆော့လော်မြို့နယ်ရှိ ဘုတ်ဝေါ်ရွာနှင့် ဝဟောင်ရွာတို့ ဆက်သွယ်ထားသော လူသွားလမ်းကို ဆိုင်ကယ် လမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးဇောင်းခေါင်၊ ဆော့လော်မဲဆန္ဒနယ်မှ ဆက်လက်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဇောင်းခေါင်(ဆော့လော်မဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကချင် ပြည်နယ်၊ ဆော့လော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇောင်းခေါင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျေးရွာချင်းဆက် လူသွားလမ်းကို ဆိုင်ကယ်လမ်းအဖြစ် အဆင့်တိုးမြှင့်ဖောက်လုပ် ပေးရန်ဆိုတဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ဆော့လော်မြို့နယ်၊ ဝဟောင်ကျေးရွာအုပ်စုရှိ ဘုတ်ဝေါ်ရွာနှင့် ဝဟောင်ကျေးရွာသို့ ဆက်သွယ်သွားလာနေသောလမ်းဟာ တောင်ပေါ်လူသွားလမ်း တစ်ခုသာရှိ၍ ဒေသခံပြည်သူလူထုများသည် ခက်ခဲပင်ပန်းစွာ ကုန်ပစ္စည်းများကို လူဖြင့်သာထမ်း၍ သွားလာနေသော လမ်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျေးရွာချင်းဆက်လမ်းတစ်ခုဖြစ်သော ဘုတ်ဝေါ် ရွာနှင့် ဝဟောင်ရွာကို ဆက်သွယ်ထားသော လူသွားလမ်းအရှည် ၃ မိုင်ကို ဆိုင်ကယ်လမ်းအဖြစ် အဆင့်တိုးမြှင့်ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဖောက်လုပ်ပေးမည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်နှစ်ဦးရဲ့ မေးမြန်းချက်ကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ တပေါင်းတည်းဖြေဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**မူကြမ်း**

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**

။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့ မေးခွန်း(၂)ဖြစ်တဲ့ ကချင်ပြည်နယ်၊ ပူတာအိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယော်ဒီဒွေ့ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနကိုယ်စား ကျွန်တော်မှ ဖြေကြားမှာဖြစ်ပါတယ်။

ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်၊ ပူတာအိုမြို့ပေါ်နှင့် မြို့ရဲ့အထွက်ပေ့ါ။ မြို့ပေါ်နှင့် နမ်ထွမ်ခူးကျေးရွာအုပ်စုကို ဆက်တဲ့လမ်းဟာ ၁၄ မိုင်ရှည်ပါတယ်။ အိမ်ခြေ ၃၃၂ အိမ်၊ လူဦးရေ ၁၉၀၂ ဦး အကျိုးပြုပါတယ်။ ရာသီမရွေးသွားနိုင်လာနိုင်ဖို့ဆိုရင် အဲဒီလမ်းကို ကျောက်တောင်ကိုလည်း ဖြတ်ပြီးတော့ ဖောက်ရပါမယ်။ မြေသားလမ်းလည်း ဖောက်ရန်ရှိပါတယ်။ နောက် ကျောက်ချောခင်းရန်အတွက်လည်း ဆောင်ရွက်မယ်ဆိုရင် စုစုပေါင်း တံတားအပါအဝင် ခန့်မှန်းကုန်ကျငွေ ၁.၂၈၉ ဘီလီယံခန့် ကုန်ကျမယ်လို့ခန့်မှန်းပါတယ်။

ကချင်ပြည်နယ်အတွင်းမှာတော့ ယခုနှစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုငွေကတော့ ၆.၇၅၇ ဘီလီယံခန့်ရှိပါတယ်။ ပူတာအိုမြို့နယ်အတွင်းမှာတော့ ခွင့်ပြုငွေကတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ လမ်းတံတားနှင့်ပတ်သက်ပြီး ၂၈၇.၁၉၁ သန်းခန့်ရှိပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ ပူတာအိုမြို့နယ်၊ ပူတာအိုမြို့ပေါ်ကနေပြီးတော့ နမ်ထွမ်ခူးကျေးရွာသို့ဆက်သွယ်တဲ့လမ်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေခွင့်ပြုထားတာမရှိပါဘူး။ သို့သော်လည်း ဒီလမ်းကို အသေးစိတ်ကွင်းဆင်းတိုင်းတာပြီးတော့ ပထမဦးစားပေးအနေနဲ့ ၁၈ ပေ ချဲ့ပါမယ်။ ချဲ့ပြီးလို့ရှိရင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ဦးစားပေးထည့်သွင်းပြီးတော့ တောင်းခံသွားမှာဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကချင်ပြည်နယ်၊ ဆော့လော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖောင်းခေါင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ ဆော့လော်မြို့နယ် ဝဟောင်ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ဘုတ်ဝေါ်ရွာနှင့် ဝဟောင်ရွာကို ဆက်သွယ်ထားတဲ့ လူသွားလမ်းက အရှည် ၃ မိုင်ရှိပါတယ်။ ပြည်သူများကိုလည်း အကျိုးပြုတဲ့လုပ်ငန်းဖြစ်ပါတယ်။ အဲဒီလမ်း ဘုတ်ဝေါ်-ဝဟောင်လမ်းကို ဆိုင်ကယ်လမ်းအဖြစ် အခုကတော့ လူသွားလမ်းပဲဖြစ်တဲ့အတွက်ကြောင့် တိုးမြှင့်

မယ်ဆိုရင် ကုန်ကျငွေကတော့ ၂၂.၅ သန်းခန့်ပဲကုန်မှာဖြစ်ပါတယ်။ အဲဒီတော့ ကချင်ပြည်နယ်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ၆.၇၅ ဘီလီယံ လမ်းတံတားကိစ္စခွင့်ပြုထားပါတယ်။

သို့သော်လည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ ဆော့လော်မြို့နယ်၊ ဝဟောင်ရွာအတွင်းမှာရှိတဲ့ ဘုတ်ဝေါ်-ဝဟောင်ဆိုင်ကယ်လမ်းကို လာမယ့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ မူလဘတ်ဂျက်မှာတော့ လျာထားထားခြင်းမရှိသော်လည်း အခု လာမယ့်ဖြည့်စွက် ဒီနှစ်မှာပဲ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ဖြည့်စွက်မှာ ဦးစားပေးထည့်သွင်းပြီးတော့ ဆောင်ရွက်ပေးမှာဖြစ်ပါကြောင်း လေးစားတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

## ဦးမောင်တိုး၊ မင်းလှမဲဆန္ဒနယ်က ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ဦးမောင်တိုး၊ မင်းလှမဲဆန္ဒနယ်က ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း တင်သွင်းဖို့ဖြစ်ပါတယ်။ တင်သွင်းဖို့ သက်ဆိုင်သူအား ဖိတ်ခေါ်ပါတယ်။

**ဦးမောင်တိုး(မင်းလှမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ဧည့်သည်တော်များအားလုံးကို လေးစားစွာ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်တိုး ဖြစ်ပါတယ်။ ကျွန်တော် တင်သွင်းထားတဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်မှ ဆွေးနွေးပေးပါရန် ပြည်သူ့လွှတ်တော်နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ တင်ပြ တင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

# ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ရှင်းလင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဒီမောဆိုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးစိုးရယ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ ရဲ့ကိုယ်စား လွှတ်တော်သို့ တင်ပြဖတ်ကြားသွားမှာဖြစ်ပါတယ်။

၁။ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်တိုး (ပြည်သူ့ ငွေစာရင်းကော်မတီ၊ အတွင်းရေးမှူး)က တင်သွင်းသော ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ၂၄-၆-၂၀၁၄ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် ပြည်သူ့ လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့တွင် လွှတ်တော်မှ လက်ခံဆွေးနွေးရန် အတည်ပြုခဲ့ပါသည်။

၂။ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေပုဒ်မ ၁၁ တွင် ဖော်ပြထားသော ပြည်ထောင်စုစာရင်း စစ်ချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြင်ဆင်ရေးဆွဲထားကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၇-၆-၂၀၁၄ ရက်နေ့တွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်တိုး၊ မင်းလှမဲဆန္ဒနယ် (ပြည်သူ့ငွေစာရင်းကော်မတီ၊ အတွင်းရေးမှူး)၊ ဥပဒေ ရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ဥပဒေပြုရေး

ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါ စိစစ်ရမည့်အခြေခံမူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ယင်းဥပဒေကြမ်းသည် အပိုဒ်ပေါင်း (၂) ခု ပါရှိပါသည်။

(ခ) ဥပဒေခေါင်းစီးအား ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၄) ဟု ပြင်ဆင်ပါသည်။

(ဂ) အပိုဒ် ၁ အား ဤဥပဒေကို ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၄) ဟု ခေါ်တွင်စေရမည် ဟု ပြင်ဆင်ပါသည်။

(ဃ) အပိုဒ် ၂ အား အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၂။ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေ ပုဒ်မ ၁၁ (ဍ) ၏ နောက်တွင် (ပ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(ပ) ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့တွင် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအရ နိုင်ငံတော် အရအသုံးစာရင်းများတွင် ဖော်ပြထားခြင်းနှင့် ရသုံးခန့်မှန်းခြေ ခွင့်ပြုချက်တို့တွင် ပါဝင်ခြင်းမရှိသော်လည်း ဘဏ်မှငွေထုတ်ကန့်သတ်ချက်ဖြင့် ထုတ်ယူသုံးစွဲရသော အသုံးစရိတ်မျိုးဖြစ်သည့် အပ်ငွေစာရင်းများ၊ ယာယီစာရင်းတင်ငွေ၊ အခြားချေးငွေများ၊ လွှဲပို့ငွေစာရင်းများဆိုင်ရာ ရငွေ၊ ပေးငွေစာရင်းများကို စစ်ဆေးခြင်း၊ ယင်းရငွေ၊ ပေးငွေများကို တာဝန်ရှိသူများက စနစ်တကျ ကြီးကြပ်မှု၊ ထိန်းချုပ်မှု၊ ကွပ်ကဲမှုရှိ/မရှိ စစ်ဆေးခြင်းနှင့် စစ်ဆေးတွေ့ရှိချက်ကို ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံ တင်ပြခြင်း။

**မူကြမ်း**

၄။ သို့ဖြစ်ပါ၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ ဖတ်ကြားရှင်းလင်း အစီရင်ခံ တင်ပြအပ်ပါသည်ခင်ဗျား။ ဥပဒေကြမ်းကော်မတီ။

## ဦးမောင်တိုး၊ မင်းလှမဲဆန္ဒနယ်က တင်သွင်းသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၆ နှင့် ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၇ ရက် (တနင်္လာနေ့) နောက်ဆုံးထားပြီး အမည်စာရင်း တင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြန်ပြင်ဆင်ချက်ပေးပါမယ်ခင်ဗျ။ ဒီဥပဒေကို ပြင်ဆင်ဖို့က အပိုဒ် ၂ ပိုဒ်တည်းရှိပါတယ်။ သိပ်ပြီးတော့ ထူးခြားစရာ၊ စဉ်းစားစရာလည်း အကြောင်းမရှိတဲ့အတွက် အခုနက ကျွန်တော် တင်ပြခဲ့တဲ့ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၇ ရက်(တနင်္လာနေ့) အစား ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၄ ရက်(သောကြာနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၃)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းဝေး (၂၃)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက် (ကြာသပတေးနေ့) ၁၀း၀၀ နာရီ

အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။

(သြဘာသံများ)

**အချိန်၊ ၁၁း၅၅ ။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ၁၁း၅၅ နာရီအချိန်တွင် ရပ်နားပါသည်။]